# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 24 January 2023 ၁၀၆၉၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည့်အတွက် မည်သို့သောအခြေအနေရှိသည်ဖြစ်စေ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး လုပ်ဆောင်ရမည်များကို ကြိုးပမ်းဆောင်ရွက်

## နိုင်ငံအဝန်း အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ပြည်သူအားလုံး ငြိမ်းချမ်းမှု၊ အကျပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်မဲပေးနိုင်ရေး ဦးတည်ဆောင်ရွက်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


အားအတူပူအမျှ အတူတကွ လက်တွဲကြမယ်လေ

ဆောင်းပါး စာမျက်နှာ » ၆

အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းနှင့် သီလဝါအိမ်ရာစီမံကိန်းမှ အိမ်ခန်းပေါင်း ၂၀၀ ကျော်ကို အတိုးနှုန်းသက်သာသော ချေးငွေစနစ်ဖြင့် ရောင်းချမည်

စာမျက်နှာ » ၁၁



ကိုယ့်အစွမ်းကို ပြရမည်

စာမျက်နှာ » ၁၈

ဘဝမြင့်မားသူဖြစ်ချင်သလား

စာမျက်နှာ » ၁၉

ကြေးမုံ

# သဘာဝခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံ့စီးပွားရေးမြှင့်တင်ဖော်ဆောင်

မြန်မာနိုင်ငံသည် မတူကွဲပြားသည့် သဘာဝပတ်ဝန်းကျင်အလှအပများ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ အရှေ့ဘက်တွင် အင်းလေးကန်ရေပြင်ကျယ်၊ အနောက်ဘက်တွင် ငပလီကမ်းခြေ၊ မြောက်ဘက်တွင် မေခ၊ မလိခ မြစ်ဆုံနှင့် အမြင့်ဆုံးခါကာဘိုရာဇီတောင်၊ တောင်ဘက်တွင် ချောင်းသာ၊ ငွေဆောင်နှင့် ထားဝယ်၊ မြိတ်၊ ကော့သောင်း ကမ်းခြေအလှများ စသည်တို့သည် ခရီးသွားများ စိတ်ဝင်စားရာ သဘာဝခရီးသွားဒေသများဖြစ်သည်။

ခရီးသွားပြည်သူများသည် စိတ်ရွှင်လန်းအပန်းပြေသည့်နေရာများကို ရွေးချယ်ရာတွင် သာယာလှပသည့် ကမ်းခြေများသို့ သွားရောက်အပန်းဖြေကြသည်။ မြန်မာနိုင်ငံသည် အလွန်ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားကာ သာယာလှပပြီး အပန်းဖြေစခန်းနေရာအဖြစ်သင့်လျော်သည့် နေရာများစွာရှိသည်။ ယင်းတို့တွင် ငပလီကမ်းခြေသည် အကောင်းဆုံးနေရာတစ်ခုဖြစ်ပြီး နိုင်ငံရပ်ခြားမှ ခရီးသွားများ လာရောက်အပန်းဖြေလေ့ရှိသည်။ ယခုအခါတွင် ပြည်တွင်းခရီးသွားများပါ သွားရောက်အပန်းဖြေနေကြပြီဖြစ်ရာ ငပလီအပန်းဖြေစခန်းနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

ရှေးအကျဆုံးနှင့် အလှပဆုံးကမ်းခြေဒေသမှာ ငပလီကမ်းခြေအပန်းဖြေစခန်းဖြစ်သည်။ ငပလီသည် ယခင်က ကမ်းခြေရွာကလေးဖြစ်သည်။ ငပလီဟူသောအမည်ကို ၁၈၂၆ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရောက်ရှိလာသော အီတလီလူမျိုးများက အီတလီနိုင်ငံ၏ မြို့တစ်ခုဖြစ်သော နာပိုလီ(Napoli)မြို့ရှိ ကမ်းခြေနှင့်တူသောကြောင့် အီတလီစကားအရ အလွန်သာယာပြီး ရှုခင်းကောင်းလွန်းသော "နေပလီ" ဟု ခေါ်ဆိုရာမှ ရခိုင်တိုင်းရင်းသားတို့ စကားသံဖြင့် ငပလီဟူ၍ဖြစ်လာသည်။ ငပလီကမ်းခြေသည် သံတွဲမြို့မှ ခုနစ်ကီလိုမီတာ (လေးမိုင်)အကွာတွင် တည်ရှိသော အပန်းဖြေကမ်းခြေတစ်ခု ဖြစ်သည်။ ကမ်းခြေအလျား သုံးကီလိုမီတာ (နှစ်မိုင်) ရှည်လျားကာ အိန္ဒိယသမုဒ္ဒရာသို့ မျက်နှာမူလျက်တည်ရှိသည်။

ကမ်းခြေတစ်လျှောက် တည်ဆောက်ထားသော ဟိုတယ်အများအပြား၊ အပန်းဖြေစခန်းများနှင့် ဂေါက်ကွင်းများဖြင့် မြန်မာပြည်၌ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရာ အထင်ကရနေရာတစ်ခုဖြစ်သည်။ အဓိက ဆက်သွယ်ရေးလမ်းကြောင်းမှာ လေကြောင်းလမ်းဖြစ်၍ မြန်မာ့လေကြောင်း၊ အဲမန္တလေး၊ ရန်ကုန်လေကြောင်းလိုင်းနှင့် အဲပုဂံတို့ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြသည်။ ဇန်နဝါရီလ ၂၀ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအားတွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပင်လယ်ကမ်းခြေအပန်းဖြေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်သွားလာမှုလွယ်ကူရေးသည် အဓိကကျသည်။ ငပလီကမ်းခြေ ဖွံ့ဖြိုးရေးအတွက် လေကြောင်းလိုင်းများ စဉ်ဆက်မပြတ်ပြေးဆွဲရေး၊ ငပလီလေဆိပ်အား အဆင့်မြှင့်တင်ရေး၊ သူဌေးရေအားလျှပ်စစ်စီမံကိန်း ပြန်လည်အကောင်အထည်ဖော်နိုင်ရေး၊ လတ်တလော လျှပ်စစ်လိုအပ်ချက်ကို သဘာဝစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်သုံးစွဲနိုင်ရေး၊ ရေလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို နိုင်ငံတော်အကြီးအကဲက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။ ငပလီကမ်းခြေသည် သာယာလှပသည့် ကမ်းခြေတစ်ခုဖြစ်ကာ ပြည်ပခရီးသွားဧည့်သည်များက အသိအမှတ်ပြုနှစ်သက်ကြသည့် အားသာချက်များရှိသဖြင့် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်အောင် အဆင့်မြှင့်တင်လုပ်ဆောင်ရမည်ဖြစ်သည်။

ဒေသတစ်ခုတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပါက ခရီးသွားပတ်ဝန်းကျင်တွင် အမြင်မတင့်သော စည်းကမ်းဥပဒေမဲ့သည့် လုပ်ကိုင်မှုများရှိလာတတ်သည်။ ယင်းတို့နှင့်ပတ်သက်၍ "ဒေသနှင့် တိုင်းပြည်၏ ရေရှည်အကျိုးကိုကြည့်၍ မိမိ၏တာဝန်များကို ကျေပွန်အောင် တိတိကျကျဖြင့် အမုန်းခံပြောဆိုဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေမဲ့ဆောင်ရွက်နေမှုများအား ပြောဆိုသတိပေးရမည်များကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကြီးမားစွာသက်ရောက်ထိခိုက်စေနိုင်ကြောင်း" နိုင်ငံတော်အကြီးအကဲက တာဝန်ရှိသူများအား သတိပြုဆောင်ရွက်ရန် ပြောကြားချက်ကို လိုက်နာကြရမည်ဖြစ်သည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ခရီးသွားလုပ်ငန်းများလည်း ပြန်လည်ဖွံ့ဖြိုးလာပြီဖြစ်ရာ မြန်မာနိုင်ငံရှိ ငပလီကဲ့သို့ ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်ဝင်စားသည့်ဒေသများအား အဆင့်မြှင့်တင်မွမ်းမံ၍ စည်းကမ်းဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပြီး သဘာဝခရီးသွားလုပ်ငန်းများမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဖော်ဆောင်သွားနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။
(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။
(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။
(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

## တရားမအထူးအယူခံမှုနှစ်မှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုနှစ်မှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၈/၂၀၂၀ (စစ်ကိုင်း)၊ ၄၉/၂၀၂၀ (စစ်ကိုင်း) စုစုပေါင်းတရားမအထူးအယူခံမှုနှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၁/၂၀၂၂ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ်၂၈/၂၀၂၀(ရှမ်း)၊ ၁၈/၂၀၂၁(မန္တလေး) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃-၁-၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၃၇၂ | ၃,၁၉၉,၂၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၂,၀၆၄ | ၆,၇၀၈,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၀ | ၇၅,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁,၉၀၆ | ၃,၄၃၀,၈၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀၀ | ၉၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၉၁.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၄.၁၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၉၀.၀၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၉၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၇၁.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၉၅.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၇.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၇၁.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၀ ကျော်ရှိသော်လည်း ၈၈ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ၊ ထိုအထဲမှ ၁၉ ပါတီသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခြင်းခံရ၊ နှစ်ဦးမှာ တစ်သီးပုဂ္ဂလအနေဖြင့် အနိုင်ရရှိခြင်းဖြစ်

❖ ယင်းအခြေအနေကိုသုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံ၌ နိုင်ငံရေးပါတီများပြားနေပြီး ပါတီအလိုက် ပြည်သူကိုကိုယ်စားပြုနိုင်မှုမှာ အားနည်းနေသည်ကို တွေ့နိုင်၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများသည် မိမိကိုထောက်ခံသည့် ပြည်သူများကို စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်လို၊ ပြည်သူတို့၏ စုပေါင်းစွမ်းအားဖြင့် နိုင်ငံကို ဦးဆောင်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အကြံပြုဆွေးနွေးတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အထူးဖိတ်ကြားထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်သည့် နောက်ဆုံးအချက်ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဆိုသည့်အတိုင်း မိမိတို့ဘက်မှ ကြိုတင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၀ ကျော်ရှိသော်လည်း ၈၈ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ထိုအထဲမှ ၁၉ ပါတီသာ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်ခြင်းခံရကြောင်း၊ နှစ်ဦးမှာ တစ်သီးပုဂ္ဂလအနေဖြင့် အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ ယင်းအခြေအနေကိုသုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံ၌ နိုင်ငံရေးပါတီများပြားနေပြီး ပါတီအလိုက် ပြည်သူကိုကိုယ်စားပြုနိုင်မှုမှာ အားနည်းနေသည်ကို တွေ့နိုင်ကြောင်း၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများသည် မိမိကိုထောက်ခံသည့် ပြည်သူများကို စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်လိုကြောင်း၊ ပြည်သူတို့၏စုပေါင်းစွမ်းအားဖြင့် နိုင်ငံကို ဦးဆောင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်ဖြင့် သွားခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ ဆောင်ရွက်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်အမြန်ဖြစ်ထွန်းနိုင်ရေး နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ကို လျှော့ပေါ့ပေးသကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူ နိုင်ငံသားအားလုံး ဒီမိုကရေစီ အတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြောင်း။

ယခင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများအရ ပါတီများပြားသော်လည်း လွှတ်တော်၌ ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များအစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကိုတွေ့ရကြောင်း၊ အဆိုပါအစုအဖွဲ့မှာ ငယ်နေမည်ဆိုပါက ဇရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာနှင့် ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်တွင်ပါရှိသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို အတည်ပြုနိုင်ရန်အတွက် သုံးသပ်ဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရှင်းလင်းတင်ပြစဉ်။

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင်ပြဋ္ဌာန်းရန်နှင့် ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေး

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီများမှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင်ပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် တက်ရောက်လာကြသူများက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည့်အတွက် မည်သို့သောအခြေအနေရှိသည်ဖြစ်စေ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး လုပ်ဆောင်ရမည်များကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး အကြားအလပ်မရှိ မဲပေးနိုင်ရန်လိုကြောင်း၊ ဆွေးနွေးပြီးသည့် EAO အဖွဲ့များနှင့်လည်း ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို မူအားဖြင့် သဘောတူညီမှုရရှိပြီးဖြစ်၍ နိုင်ငံအဝန်း အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ပြည်သူအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာဆန္ဒဖော်ထုတ်မဲပေးနိုင်ရေး ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ပြုလုပ်ရန်အတွက် နိုင်ငံရေးပါတီများ ရှိနေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြဋ္ဌာန်းနိုင်ရန်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် လိုအပ်သည်များ ထပ်မံသုံးသပ်ပြင်ဆင်ပြီးပါက အတည်ပြု ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အလားတူ ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ပါတီများကိုမှတ်ပုံတင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည့် နိုင်ငံရေးပါတီများ မဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ရုံးများကို အပြည့်အစုံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်နိုင်ငံလုံးရှိစာရင်းဇယားများ မှန်ကန်စွာရရှိမှသာ မဲစာရင်းများမှန်ကန်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို ပြည်သူများအားလုံးပါဝင်သည့် လွတ်လပ်၍ တရားမျှတပြီး အကြားအလပ်မရှိ ကျင်းပနိုင်ရန်လိုကြောင်း၊ သမာသမတ်ရှိသည့်ရွေးကောက်ပွဲ၊ စနစ်ကျသည့်ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ရွေးကောက်ပွဲပြုလုပ်ရန်အတွက် နိုင်ငံရေးပါတီများရှိနေရမည်၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပြဋ္ဌာန်းနိုင်ရန်လည်း အရေးကြီး၊ လိုအပ်သည်များ ထပ်မံသုံးသပ်ပြင်ဆင်ပြီးပါက အတည်ပြုထုတ်ပြန်သွားမည်

❍ ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ပါတီများကိုမှတ်ပုံတင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုချိုးဖောက်သည့် နိုင်ငံရေးပါတီများ မဖြစ်ရန်လို၊ ရွေးကောက်ပွဲကော်မရှင်ရုံးများကို အပြည့်အစုံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်

❍ မဲစာရင်းများမှန်ကန်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လို၊ တစ်နိုင်ငံလုံးရှိစာရင်းဇယားများ မှန်ကန်စွာရရှိမှသာ မဲစာရင်းများမှန်ကန်မည်၊ ရွေးကောက်ပွဲကို ပြည်သူများအားလုံးပါဝင်သည့် လွတ်လပ်၍ တရားမျှတပြီး အကြားအလပ်မရှိ ကျင်းပနိုင်ရန်လို၊ သမာသမတ်ရှိသည့် ရွေးကောက်ပွဲ၊ စနစ်ကျသည့် ရွေးကောက်ပွဲဖြစ်ရန်လို




## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/ ၂၀၂၃) ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**သိရှိနားလည်ထားရန် လိုအပ်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စီးပွားရေးဦးတည်ချက်(၃)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် လက်ရှိအသုံးပြုနေသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)နှင့် နည်းဥပဒေများကို သေချာစွာနားလည်သဘောပေါက်ရန် လိုအပ်သကဲ့သို့ နိုင်ငံ၏လိုအပ်ချက်အရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို ပေါင်းစပ်ကာ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအဖြစ် ပြဋ္ဌာန်းကာ အဆင့်ဆင့်ပြောင်းလဲခဲ့မှုကိုပါ သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ဌာနရှိ အရာထမ်း၊ အမှုထမ်းများအားလုံး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဘာသာရပ်များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ပိုမိုသိရှိနားလည်စေရန်သာမက ဌာနတွင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်စေရန်၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ ပိုမိုနားလည်ပြီး လိုက်နာကျင့်သုံးနိုင်စေရန်နှင့် ဝန်ကြီးဌာနဝန်ထမ်းများ၏ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ကို ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏လုပ်ငန်းများအား ချမှတ်ထားသည့် မူဝါဒနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်လုပ်ကိုင်ရန် ဝန်ထမ်းများ၏ စွမ်းရည်ဖွံ့ဖြိုးမှုမှာ အထူးလိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဘာသာရပ်နှင့် အထူးပြုဘာသာရပ်များအား မိမိတို့ဌာနတွင်း ကျွမ်းကျင်သူများသာမက သက်ဆိုင်ရာဝန်ကြီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သူများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် သင်တန်းသားများ အနေဖြင့် ယခုသင်တန်းတက်ရောက်ရာတွင် စိတ်ပါဝင်စားစွာ ဂရုတစိုက်သင်ကြားကြစေလိုကြောင်း၊ သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ သင်ကြားလေ့လာသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး သင်တန်းဆင်း အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည်ဖြစ်ပြီး ထူးချွန်သူများကိုလည်း ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သို့ လူကိုယ်တိုင်နှင့် Online မှတစ်ဆင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်ကြပြီး အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ တစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုးချည်နှင့် ပိုးထည်များကို သွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပိုးချည်နှင့် ပိုးထည်များကို သွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စီးပွားဖြစ်ထုတ်လုပ်ခြင်းနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အသေးစားမွေးမြူသူများအတွက် နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးတက်ရေး ဖော်ဆောင်ပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်ဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင် ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၏ ပိုးမျိုးများ မျိုးစပ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပိုးမျိုးသန့်မျိုးထိန်းလုပ်ငန်းများ၊ မျိုးပိုးဥထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးသင်တန်းလုပ်ငန်းဆိုင်ရာများ၊ တောင်သူများထံသို့ ပိုးမျိုးဥနှင့် နည်းပညာပံ့ပိုးပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ခတ်ခွဲခန်း တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေရောနဒီကုမ္ပဏီလီမိတက်၏ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) သို့ရောက်ရှိကြပြီး ဒုတိယဝန်ကြီးကပြင်ဦးလွင် ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park)ကို သဘာဝအတိုင်း အမြင်ဆန်းသစ်သည့် ဒေသပြယုဂ်တစ်ခုအဖြစ်သာမက ကော်ဖီနှင့်ပတ်သက်၍ တစ်နေရာတည်းတွင် စုံစုံလင်လင်လေ့လာနိုင်ရေး ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်၍ လာရောက်လေ့လာသူများ အေးချမ်းပျော်ရွှင်စွာ နားနေနိုင်ရေးနှင့် ကော်ဖီစိုက်ခင်း အခြေခံခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park)အဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် စည်သာရေကူရေလှောင်တမံနှင့် စည်သာရေလှောင်တမံသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးက ဒေသ၏ နှစ်စဉ်မိုးရေချိန်၊ စီးဝင်ရေပမာဏနှင့် သိုလှောင်နိုင်မှုတို့အရ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှု ဖူလုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၍ ပထဝီ မြေမျက်နှာပြင်အခြေအနေအရ ရေရှည်အကျိုးရှိနိုင်မည့်နည်းလမ်းကို ဖော်ထုတ်အသုံးချရန်၊ ရေချွေတာနိုင်မည့် အသုံးပြုမှုစနစ်များ ထည့်သွင်းစီမံဆောင်ရွက်ရန်၊ ဒေသနေတောင်သူများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရေး ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ နတ်ရေကန်ငါးလုပ်ငန်းစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ကော်မတီအဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် လိုအပ်သည့် သံနှင့် သံမဏိထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များဆောင်ရွက်စဉ် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ညီညွတ်စွာ ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များကို စိတ်ဝင်တစားဖြင့်ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာပြီးစီးရေးအတွက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်နှင့် ဘွိုင်လာစစ်ဆေးရေး လုပ်ငန်းများကို ဥပဒေများနှင့်အညီ ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းယုံကြည်မှုများ တိုးတက်လာစေရေးအတွက် လက်တွေ့လုပ်ငန်းများကို ယခုထက်ပိုမိုလေ့လာသင်ယူကြရန်၊ စက်ပစ္စည်းများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရန်၊ စက်ရုံ၏ စီမံရေးရာတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်း၊ ပစ္စည်း၊ စာရွက်စာတမ်းလုံခြုံရေးနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ပြုပြင်ပြီးစက်ပစ္စည်းကိရိယာများကိုလည်း ပြန်လည်ချို့ယွင်းပျက်စီးမှုမရှိအောင် ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်နိုင်ရေး အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းများကိုလည်း ကြိုတင်စုဆောင်းထားနိုင်ရေး စီမံထားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးကြီးကြပ်ရန် ကော်မတီအဖွဲ့ဝင်များသည် စက်နှင့် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေသည့် သံရည်ကျိုလုပ်ငန်းတွင်အသုံးပြုမည့် စက်မှုလုပ်ငန်းသုံးရေစစ်ကန်ကို လည်းကောင်း၊ အဝင်ဓာတ်အားလိုင်းလက်ခံဖြန့်ဖြူးခွဲရုံ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ကျောက်မီးသွေးကြိတ်ခွဲ ပြုပြင်ရေးအလုပ်ရုံ၊ သံသတ္တုရိုင်းအခြောက်ခံအလုပ်ရုံ၊ သံသတ္တုရိုင်း ပြုပြင်ရေးအလုပ်ရုံ၊ အလိုအလျောက် မီးငြိမ်းသတ်ရေးအလုပ်ရုံ၊ အမှတ်(၂)ပန့်အလုပ်ရုံ၊ ရေပြန်လည်အအေးခံ ပေးပို့သည့်အလုပ်ရုံ၊ သန့်စင်ပြီး ကုန်ကြမ်းများ သိုလှောင်အလုပ်ရုံ၊ စွန့်ပစ်အပူသုံးဘွိုင်လာ၊ ဓာတုပစ္စည်းဖြင့် ရေပြုပြင်အလုပ်ရုံ၊ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၊ စက်မှုလုပ်ငန်းသုံး ရေသန့်စင်အလုပ်ရုံ၊ အောက်ဆီဂျင်အလုပ်ရုံ၊ သံစိမ်းတုံးပုံလောင်းအလုပ်ရုံ၊ ဖိအားမြင့်လေထုတ်အလုပ်ရုံ၊ ဒုတိယအဆင့် ရေတွန်းအလုပ်ရုံ၊ သောက်သုံးရေသန့်စင် အလုပ်ရုံ၊ တန် ၁၀၀ ထိချိန်တွယ်နိုင်သည့် ကတ္တား၊ သံသတ္တုရိုင်း ပထမအဆင့်ကြိတ်ခွဲအလုပ်ရုံနှင့် တောင်ဆင်းဝန်ခါးပတ်တို့ရှိ စက်ပစ္စည်းများအား ဝန်မပါစမ်းသပ်မောင်းနှင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ အလုပ်ရုံများသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရုရှားပညာရှင်များ အကူအညီဖြင့် ကွန်ပျူတာထိန်းချုပ်စနစ် မပါဝင်ဘဲ ၇၂ နာရီကြာ စမ်းသပ်လည်ပတ်ခဲ့ပြီး စက်ရုံယာယီရပ်ဆိုင်းစဉ် လေးနှစ်ကျော် ရပ်နားထားခဲ့သည့် အလုပ်ရုံများဖြစ်သည်။ ယခင်စမ်းသပ်ခဲ့စဉ်က စက်များ၏ ကွဲခိုင်ရေးကိုသာ ဦးစားပေးစမ်းသပ်နိုင်ခဲ့ပြီး အလိုအလျောက်ထိန်းချုပ်လည်ပတ်မှု ဆက်လက်ဆောင်ရွက်စဉ် စက်ရုံရပ်ဆိုင်းခဲ့သည့်အတွက် အလုပ်ရုံများ အချင်းချင်း ချိတ်ဆက်မှုများ အပြည့်အဝဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုအခါ မြန်မာပညာရှင်များ၏ စွမ်းဆောင်ချက်ဖြင့် ကွန်ပျူတာထိန်းချုပ်မှုများ၊ စက်ပြင်ဆင်မွမ်းမံမှုများ၊ ချိတ်ဆက်ဆောင်ရွက်မှုများကို ကြိုးစားဆောင်ရွက်ခဲ့သည်။

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၏ အဓိကထုတ်ကုန်ဖြစ်သည့် သံစိမ်းထုတ်လုပ်ရန် သဘာဝသယံဇာတကုန်ကြမ်းများဖြင့် သံရည်ကျိုမည့် သံရည်ကျိုအလုပ်ရုံအပါအဝင် အလုပ်ရုံခွဲ ၂၂ ရုံရှိပြီး အလုပ်ရုံခွဲ ၁၉ ရုံအား ဝန်မပါစမ်းသပ်လည်ပတ်ခဲ့သည်။ ကျန်ရှိသည့် အလုပ်ရုံခွဲ သုံးရုံကို ရုရှားနိုင်ငံမှ ပညာရှင်များ၊ မြန်မာပညာရှင်များနှင့် စက်ရုံဝန်ထမ်းများပူးပေါင်း၍ စစ်ဆေးပြုပြင် စမ်းသပ်လည်ပတ်ခြင်းများ ဆက်လက်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများ တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်း /ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ဆွေးနွေးပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင်သည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းနှင့်ပြည်နယ်များအလိုက် ဟိုတယ်ဇုန်များနှင့် ခရီးသွားအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့်တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန်လိုအပ်သော အစီအမံများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်အဆင့် အစည်းအဝေးများ၊ အခမ်းအနားများ၊ ခရီးစဉ်များ၊ တွေ့ဆုံပွဲများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားပြီး ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို ထည့်သွင်းပြောကြားလမ်းညွှန်လေ့ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇန်နဝါရီ ၂၀ ရက် ပေလီခရီးစဉ်၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ တစ်ဦးချင်းအလိုက်နှင့် အဖွဲ့လိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အချက် (၁၄) ချက်ကို မှတ်သားရပါကြောင်း၊ ယင်းအချက်များကို ပေလီသာမက ခရီးစဉ်ဒေသအားလုံးက လုပ်ငန်းလမ်းညွှန်ချက်အဖြစ် အထူးအလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ့ခရီးသွားလုပ်ငန်း စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရေတိုရေရှည်စီမံကိန်းများ၊ မူဝါဒများ၊ စံသတ်မှတ်ချက်များ၊ ဆောင်ရန်ရှောင်ရန်များကို နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းလုပ်ကိုင်သူများက မိမိတို့လုပ်ငန်း အောင်မြင်အောင် ကိုယ်တိုင်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နိုင်ငံခြားသား ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယမန်နှစ်ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက (၇၈ ရာခိုင်နှုန်း) ပိုမိုတိုးတက်ဝင်ရောက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကလာရောက်ကြသော လူမျိုးများမှာ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ ထိုင်ဝမ်၊ အမေရိကန်၊ ဗြိတိန်နှင့် ရုရှားတို့ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွား တိုးတက်ဝင်ရောက်လာရန် ပြည်ပနိုင်ငံများ၏ ခရီးသွားဈေးကွက်ရရှိအောင် နှစ်နိုင်ငံအစိုးရများအကြားသာမက ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအသင်းအဖွဲ့များမှ အင်တိုက်အားတိုက် လိုက်ပါဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ ပြည်ပနိုင်ငံများ၌ ကျင်းပလေ့ရှိသော နိုင်ငံတကာ ခရီးသွားပြပွဲများ၊ ခရီးသွားမြှင့်တင်ရေး ညီလာခံများတွင်သာမက ယင်းနိုင်ငံများရှိ လေကြောင်းလိုင်းများတွင်ပါ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် လိုအပ်သောအစီအမံများအား ဝန်ကြီးဌာနက ရေးဆွဲထားရှိပြီး ဖြစ်သည့်အတွက် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ကြီးဌာနက ရေးဆွဲထားရှိသော အစီအမံများတွင် ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်သွားမည့် အစီအစဉ်များအား ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ အစိုးရ- ပုဂ္ဂလိက- ပြည်သူလူထုအားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး

# အေးအတူပူအမျှ အတူတကွလက်တွဲကြမယ်လေ

ဇနည်ဘွား

ယခုနှစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် လွန်ခဲ့သည့် (၇၆) နှစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တောင်ပေါ်မြေပြန့်မကျန် ပြည်ထောင်စုကို တည်ထောင်ပြုရန်အတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါသည်။

(၇၆)နှစ်မြောက် အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် ပြန်ပြောင်းဆင်ခြင်ဖွယ်ရာများ၊ သင်ခန်းစာယူစရာများက အများသားလား။ အထူးသဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကဏ္ဍတို့တွင် ပြန်ပြောင်းဆင်ခြင်ဖွယ်ရာများ၊ သမိုင်းသင်ခန်းစာယူစရာများက တစ်ပုံတစ်ပင် များပြားလှပါသည်။



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။

### တိုင်းရင်းသားလူမျိုး ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၃၀ ကျော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အားမာန်ကြောင့်လည်း သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပြီး လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့ကို အကြောင်းပြု၍ လွတ်လပ်ရေးနေ့သည် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

သို့ရာတွင် ပြည်ထောင်စုနယ်မြေတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်မူ လှေပြေးတုန်း တက်ကျိုးသလိုဖြစ်ခဲ့ရ၍ အခြားဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် တိုးတက်သင့်သလောက် မတိုးတက်လာခဲ့သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

ပင်လုံမြေတွင် အခြေတည်၍ စုစည်းညီညွတ်ခဲ့သောတိုင်းရင်းသားအချို့သည် လွတ်လပ်ရေးရသည့်အခါတွင်မူ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတို့ကြောင့် အချင်းချင်းကြား သံသယဝင်လာခဲ့ကြသည်။ တစ်ဖက်တွင်လည်း နယ်ချဲ့ဗြိတိသျှတို့က မစားရသည့်အမဲ သဲနှင့်ပက်သည့်အလား အိန္ဒိယနှင့် ပါကစ္စတန်ကို နှစ်ပိုင်းကွဲအောင်လုပ်ခဲ့သည့်နည်းတူ လွတ်လပ်စမြန်မာနိုင်ငံကိုလည်း တစ်စစီပြိုကွဲပျက်စီးအောင် အစွမ်းကုန်မြှောက်ပင့်သွေးထိုးခဲ့ကြသည်။

### လွတ်လပ်ရေးရပြီး နှစ်လကျော်၊ သုံးလအတွင်း

“ဗမာတွေက မယုံရဘူး”ဟူသည့် သွေးခွဲသပ်လျှိုမှုကြောင့်လည်းကောင်း၊ ကာလကြာရှည် တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့်လည်းကောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံသည်လွတ်လပ်ရေးရပြီး နှစ်လကျော်၊ သုံးလအတွင်းမှာပင် ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရသည်။ ထိုကဲ့သို့ သွေးထိုးလှုံ့ဆော်၊ သပ်လျှိုသွေးခွဲမှုများ၏ အကျိုးဆက်များကား ယနေ့ထိတိုင် နှစ်ပေါင်းရှည်ကြာစွာဖြစ်ပွားလျက်ရှိသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်ဆုံးရှုံးနစ်နာစေခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံအပါအဝင် လွတ်လပ်စနိုင်ငံငယ်များအပေါ် သွေးထိုးလှုံ့ဆော်၊ သပ်လျှိုသွေးခွဲမှုများကို ဆောင်ရွက်ရာတွင် ဝဿကာရနည်းအတိုင်း လုပ်ဆောင်လေ့ရှိသည်။ ဝဿကာရသည်ကား မဂဓတိုင်းကြီးသခင် ဘုရင်အဇာတသတ်မင်း၏ အမတ်ကြီးတစ်ဦးဖြစ်သည်။ အဇာတသတ်မင်းသည် ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့ကို မျက်မုန်းကျိုးအမျက်တော်ရှနေခဲ့သည်မှာ ကြာခဲ့လေပြီ။ သို့သော် လိစ္ဆဝီမင်းတို့၏ စည်းလုံးညီညွတ်မှု၊ ထကြွလုံ့လရှိမှုတို့ကြောင့် စစ်ပွဲတစ်ပွဲကို လက်လွှတ်စပယ်မလုပ်ရဲဘဲ အခွင့်ကောင်းကို စောင့်ဆိုင်းနေခဲ့သည်။ သို့ဖြင့် တစ်နေ့သောအခါဝယ် အဇာတသတ်မင်းသည် ဝဿကာရအမတ်ကြီးကို မြတ်စွာဘုရားရှင်ထံစေလွှတ်၍ အကြံဉာဏ်၊ ညွှန်ကြားချက် ရလိုရငြားတောင်းခံစေခဲ့သည်။

### ကြီးပွားကြောင်းတရားခုနစ်ပါး

မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင်ဂဏအုပ်ချုပ်ရေးနိုင်ငံငယ်တစ်ခုတွင် ဖွားမြင်ခဲ့သူပီပီ ဂဏအုပ်ချုပ်ရေးနိုင်ငံငယ်တစ်ခုဖြစ်သော ဝေသာလီပြည်ကို စစ်သွေးစစ်မာန်တက်ကြွနေသော ဧကရာဇ်မင်းက စစ်မတိုက်ရန် “ဝဇ္ဇီတို့သည် ဤသို့သော ကြီးပွားကြောင်းတရားခုနစ်ပါးတို့နှင့် ပြည့်စုံနေသမျှကာလပတ်လုံး သူတို့အတွက် တိုးတက်ကြီးပွားခြင်းသာဖြစ်လတ္တံ့။ ဆုတ်ယုတ်ပျက်စီးခြင်းဟူ၍ မရှိနိုင်ပေ”ဟူ၍ ညီတော်အာနန္ဒာအား သွယ်ဝိုက်၍ မိန့်ကြားတော်မူခဲ့ပါသည်။

သို့ရာတွင် ဝဿကာရအမတ်ကြီးကတော့ သူ့အဓိပ္ပာယ်နှင့်သူကောက်ယူပြီး “အရှင်ဂေါတမ၏ မိန့်ကြားချက်အရ တပည့်တော်သဘောပေါက်သွားပါပြီ။ အဇာတသတ်မင်းသည် ဝဇ္ဇီတို့ကို စစ်ရေးဖြင့် မချေမှုန်းသင့်ပါ။ ဖြားယောင်းသွေးဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ သူတို့အချင်းချင်းသင်းခွဲပေးခြင်းဖြင့်သော်လည်းကောင်း သူတို့ကိုချေမှုန်းရပါတော့မည်ဘုရား”ဟုဆိုကာ ပြန်လည်ထွက်ခွာသွားလေသည်။

ထို့နောက်ပိုင်းတွင် ဝဿကာရအမတ်ကြီးသည် ဘုရင်အဇာတသတ်နှင့် စိတ်ဝမ်းကွဲသယောင်ဟန်ဆောင်ကာ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ထံသို့ ပြေးဝင်ခိုလှုံလေတော့သည်။ လိစ္ဆဝီမင်းတို့ကလည်း သူ၏ပညာနှင့်သမ္မာအရ အမတ်ကြီးအဖြစ် ဆက်လက်မြှောက်စားခဲ့သည်။ ထိုသောအခါ ဝဿကာရသည် သူ့မူလအကြံအစည်အတိုင်း ကနဦးအများအာရုံစိုက်လာစေရန် ညီလာခံသို့စော၍လည်းကောင်း၊ နောက်ကျ၍လည်းကောင်း ခစားဝင်ရောက်လေသည်။

ထိုသို့ အများက အာရုံစိုက်လာသည့်အခါတွင် အနီးအနားရှိ လိစ္ဆဝီမင်းသားအချို့ထံ သွားရောက်၍ အရေးမပါ၊ အရာမရောက်သောစကားတို့ကို တီးတိုးသွား၍ ပြောပြန်လေသည်။ အပြောခံရသည့် လိစ္ဆဝီမင်းသားအချို့ကို ကျန်မင်းသားအချို့က လူ့သဘာဝအရ ဝဿကာရ ဘာလာပြောသည်ကို သိလို၍ မေးမြန်းကြသောအခါ အပြောခံရသည့် မင်းသားတို့က ဝဿကာရစကားမှာ ဘာမှမဟုတ်၍ ဘာမှမဟုတ်ပါဘူးဟုဆိုသောအခါ ကျန်လိစ္ဆဝီမင်းသားတို့သည် သံသယတွေပွားလာကြတော့သည်။ ဤသို့ဖြင့် ပြောဖန်များလာသောအခါဝယ် လိစ္ဆဝီမင်းတို့အချင်းချင်းကြား စိတ်ဝမ်းကွဲလာခဲ့ကြပြီး သူ့အုပ်စု၊ ကိုယ့်အုပ်စုဖြင့် စည်းလုံးညီညွတ်မှုပြိုကွဲသွားခဲ့လေသည်။ အဆုံးတစ်နေ့မှာတော့ တံတိုင်းသုံးထပ်တိုးချဲ့ရလောက်အောင် တိုးတက်စည်းကားခဲ့သော ဝေသာလီပြည်သည် ဝဿကာရအမတ်ကြီး၏ဖြိုခွင်းမှုကြောင့် တစ်ပြည်ထောင်လုံး ပျက်စီးသွားခဲ့ရလေသည်။

မျက်မှောက်ကာလတွင်လည်း ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့သည် ဝဿကာရအမတ်ကြီးထုံးနှလုံးမူ၍ ပြည်ထောင်စုကြီး တစ်စစီပြိုကွဲပျက်စီးသွားစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစွမ်းကုန်သွေးခွဲသပ်လျှိုလျက်ရှိနေဆဲပင်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က “လွတ်လပ်ရေးရပြီးမကြာခင်မှာပဲပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်ကြောင်း” ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပခဲ့သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် တိုက်တွန်းခဲ့ပါသည်။

### တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ

ထို့အတူ “ကရင်ပြည်နယ်အတွင်း ရှိနှင့်ပြီးဖြစ်သည့် သယံဇာတအရင်းအမြစ်များနှင့် အခြေခံကောင်းများကို အသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ကရင်ပြည်နယ်သည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း” စသည်ဖြင့် သဝဏ်လွှာတွင် ဖော်ပြခဲ့ပါသည်။

အလားတူ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် ယနေ့ထက်တိုင်ကာလကြာရှည်စွာ လက်နက်ကိုင်ပဋိပက္ခများကြောင့် သဘာဝအလှအပများကိုလည်း မခံစားနိုင်၊ သယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်ဘဲ ဖြစ်နေရပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်” ဟု ဖော်ပြခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ✤

> ❝ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအားမာန်ကြောင့်လည်း သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပြီး လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့ကို အကြောင်းပြု၍ လွတ်လပ်ရေးနေ့သည် ပေါ်ပေါက်လာရခြင်းဖြစ် ❞

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းလမ်းညွှန်ချက်ခံယူခြင်း အခမ်းအနား ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းလမ်းညွှန်ချက်ခံယူခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းလမ်းညွှန်ချက်ခံယူခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ် ဦးစီးမှူးများ လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ထားရှိရမည့် ခံယူချက်များကို အဓိကထား ဆွေးနွေးမှာကြားလိုပါကြောင်း၊ မိမိကိုယ်ကို စည်းရုံးရေးမှူးကောင်းသဖွယ် စိတ်ဓာတ်ဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တာဝန်ပေး၍ လုပ်ဆောင်ရသည်ထက် မိမိဘာသာခံယူချက်ရှိရှိဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံရေးအမြင်၊ လူမှုရေးအမြင်၊ စီးပွားရေးအမြင်၊ နိုင်ငံတကာဆက်ဆံရေး အမြင်များရှိရန်လည်း လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများအနေဖြင့် အသက်အရွယ်အလိုက် အတွေ့အကြုံများ အထိုက်အလျောက်ရှိကြပြီးဖြစ်ရာ မိမိတို့ အဓိကဆောင်ရွက်ရမည့် ရည်မှန်းချက်က ဘာလဲဆိုသည်ကို လေ့လာကြရန် လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူက အားထားရသည့် စည်းရုံးရေးမှူး တာဝန်ထမ်းဆောင်ရသူများအဖြစ် ခံယူစေချင်ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်းနှင့် နိုင်ငံရေးအခြေအနေများကို နားလည်ပြီး မိမိတို့ကိုယ်တိုင် ခံယူချက်ရှိရှိဖြင့် နိုင်ငံတော်အကျိုးအတွက် မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတကာအခြေအနေကို မျက်ခြည်မပြတ်လေ့လာရန်လည်း လိုအပ်ကြောင်း၊ မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်များဖြင့် လူငယ်များ၊ ပြည်သူများကို သတင်းမှန်များ၊ အသိအမြင်ကောင်းများ ရရှိစေရန် ဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဖြည့်စွက်မှာကြား ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

✤ စာမျက်နှာ ၆ မှ

ဆက်လက်၍ “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ‘တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်’ ဆိုသည့် ဦးတည်ချက်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယခုဆက်လက်၍လည်း လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာကာလ ထပ်မံတိုးမြှင့်ရပ်စဲပေးထားပါသည်။

“နိုင်ငံတော်၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အတွင်း သက်ဆိုင်သူများအားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို တိုက်တွန်းမှာကြားလိုပါသည်” စသည်ဖြင့် ဖော်ပြခဲ့သည်။

**သဘာဝအလှတရားများနှင့် သယံဇာတထွက်ကုန်များ**

ထိုနည်းတူ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ကယားပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် သဘာဝသယံဇာတအခြေခံကောင်းများစွာ ရှိနေပြီးဖြစ်၍ မျက်မှောက်ကာလတွင် တည်ရှိပြီးသား သဘာဝအလှတရားများနှင့် သယံဇာတထွက်ကုန်များကို ထိထိရောက်ရောက်အသုံးချကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်” ဟူ၍လည်းကောင်း၊

“လက်နက်ကိုင်ပဋိပက္ခများရှိနေသည့် ဒေသများတွင် ပဋိပက္ခများ၏ အကျိုးဆက်များကို ယင်းဒေသမှပြည်သူများ တိုက်ရိုက်ခံစားနေကြပြီး ကျန်ပြည်သူများက သွယ်ဝိုက်၍ ခံစားနေကြရပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက ကလေးငယ်များ၏ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ခက်ခဲစေပြီး ပဋိပက္ခများကြောင့် စီးပွားရေးကျဆင်းကာ ဆင်းရဲမှုနှုန်းမြင့်တက်စေခြင်းမှာ နိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်သည်ကို သတိထားလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်”ဟူ၍လည်းကောင်း ဖော်ပြခဲ့ပါသည်။

သို့ဖြစ်ရကား (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့နှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းသည် ကုန်လွန်ခဲ့သည့် သမိုင်းအတွေ့အကြုံများ၊ သမိုင်းသင်ခန်းစာများကို အလေးအနက်ရှုမြင်သုံးသပ်ဆင်ခြင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး အေးအတူပူအမျှ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပုသိမ်မြို့၌ အရေးပေါ်မီးငြိမ်းသတ်ရေး၊ မီးသတ်ယာဉ်များ ရေဖြည့်တင်းရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် Fire Hydrant များအား အသုံးပြု၍ အရေးပေါ် မီးငြိမ်းသတ်ရေး၊ မီးသတ်ကားများ ရေဖြည့်တင်းရေးတို့အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇာတ်တိုက်လေ့ကျင့်**

ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်ကိုးခုတွင် ရေသွယ်ပိုက်လိုင်းများဖြင့် တွဲဖက်တပ်ဆင်ထားသည့် Fire Hydrant မီးသတ်ရေငုတ်ပေါင်း ၁၂၈ ခု တပ်ဆင်ထားရှိရာ အမှတ်(၄)ရပ်ကွက်ရှိ မြို့မဈေး ရေငုတ်၊ အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်းအနီးရှိ ရေငုတ်နှင့် အမှတ်(၅)ရပ်ကွက်၊ အောင်ဈေးအနီးရှိ ရေငုတ်များမှ ရေကို သွယ်ယူကာ အရေးပေါ်မီးငြိမ်းသတ်ခြင်းနှင့် ရေသယ်ယာဉ်များအတွင်း ရေဖြည့်ခြင်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# အရည်အချင်းပြည့်ဝသော လူတော်လူကောင်းများဖြစ်လာစေရေး ဆရာ ဆရာမများနှင့် မိဘများတွင် တာဝန်ရှိ

**ထားဝယ် ဇန်နဝါရီ ၂၃**

နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် နိုင်ငံသားကောင်းမျိုးဆက်သစ်လူငယ်လူရွယ်များ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်ကာ အရည်အချင်းပြည့်ဝသော လူတော်လူကောင်းများ ဖြစ်လာစေရေးအတွက် ပညာရေးဝန်ထမ်းများဖြစ်ကြသည့် ဆရာ ဆရာမများတွင် တာဝန်ရှိသလို ကျောင်းသား ကျောင်းသူများ၏ မိဘများတွင် တာဝန်ရှိကြောင်း ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

**ဆရာမိဘပူးပေါင်း**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုနှင့် လူသားကောင်းဖြစ်မှု စံနှုန်းများကို ထိန်းသိမ်းမြှင့်တင်နိုင်မည့် နိုင်ငံသားကောင်း သမီးမွန်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးကဏ္ဍအလိုက် စွမ်းဆောင်ချက်များကို မြှင့်တင်ပေးရန်၊ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသားမိဘများက ဆုရရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၏ အကပဒေသာများဖြင့် သီဆိုကပြ ဖျော်ဖြေနေမှုအားလည်းကောင်း၊ ခန်းမအတွင်း ပြသထားသော ပညာရေးစုံညီပွဲတော်ပြခန်းအားလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါသီးနှံအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်စီမံကိန်းအသစ်များဆောင်ရွက်ရေး စည်းဝေး



**မုံရွာ ဇန်နဝါရီ ၂၃**

တိုင်းဒေသကြီးအတွင်း ဝါသီးနှံဧက ၇၉၀၀၀ ခန့်နှင့် သီးနှံစုစုပေါင်း စိုက်ပျိုးဧရိယာ ၉ ဒသမ ၇ သန်းခန့်ဖြင့် သီးနှံစုံလင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍအား ထောက်ပံ့ပေးနေသည့် တိုင်းဒေသကြီးတစ်ခုလည်းဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါသီးနှံအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်စီမံကိန်း အသစ်များ ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

**ရေလုံလောက်မှုရရှိရေး**

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း စိုက်ပျိုးရေ လုံလောက်မှုရရှိစေရေးအတွက်နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်မှရရှိသည့်လျှပ်စစ်ဓာတ်အားဖြင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် စစ်ကိုင်းမြို့နယ်ရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်း ရေတင်အဆင့်(၂) ၁၆၀ ကီလိုဝပ်မော်တာနှစ်စုံအား ဆိုလာစနစ် တွဲဖက်တပ်ဆင်ပေးခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖိတ်ခေါ်

**ဘားအံ ဇန်နဝါရီ ၂၃**

ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအတွက် အကျိုးရှိမည့် လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖိတ်ခေါ်လျက်ရှိကြောင်း ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

**ဦးစားပေးဖိတ်ခေါ်**

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စားရေရိက္ခာ ဖူလုံပိုလျှံ၍ သာယာဝပြောစေရေး ဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဆန်စက်၊ ဆီစက်နှင့် တိရစ္ဆာန်အစာထုတ်လုပ်သည့်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးမြှင့်ရေးလုပ်ငန်းများ၊ သဘာဝအရင်းအမြစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်းတွင် ဦးစားပေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Alliance Eagle Group Ltd မှ မြဝတီမြို့ အမှတ်(၆) ရပ်ကွက်တွင် မတည်ငွေရင်းပမာဏ ကျပ် ၃၅၅၈ ဒသမ ၈၇ သန်းခန့် ရင်းနှီးမြှုပ်နှံ၍ ဆန်ပြောင်းသန့်စင်ကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်၊ ပြောင်းမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ကော်မတီဆုံးဖြတ်ချက်ဖြင့် အတည်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပြီး ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ၃၇ ခု ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းဖြင့် ပြည်နယ်စီးပွားရေး မြင့်တက်လာမည်

**တောင်ကြီး ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းဖြင့် ပြည်နယ်စီးပွားရေး မြင့်တက်လာပြီး ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်ဆောင်ရွက်ကြရန် ယနေ့နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရရှိလာသည့် လုပ်ငန်းများကိုလည်း မြန်မြန်ဆန်ဆန် အတည်ပြုမိန့်ခွင့်ပြုပေးသွားကြရန်နှင့် ပြည်နယ်အတွင်းရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးကိုလည်း သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အရည်အသွေးမီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ရန်အတွက်လည်း ဖွဲ့စည်းပေးထားသည့် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ် ဝန်ဆောင်မှုပေးသွားကြရန် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၀ သန်းကို ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၉၃ သန်းအပါအဝင်ကျပ်သန်း ၃၁၆၂၀ ဒသမ ၇၄၄ ကို ခွင့်ပြုပေးထားခဲ့ပြီးဖြစ်သည်။

အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၉၉၄ ဦးနှင့် ပြည်ပ ၅၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၃**

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှု ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည့်အတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေက အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းမှုကို အခြေခံခြင်းဖြစ်၍ နိုင်ငံတိုင်းသည် ဘာသာရေး၊ လူမှုရေးကျင့်ဝတ်၊ ဓလေ့ထုံးတမ်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့် ထိန်းကျောင်းတားဆီးနေကြကြောင်း၊ ကုလသမဂ္ဂ၏ Global Survey အရ အဂတိလိုက်စားမှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံ ခန့်ဆုံးရှုံးနေကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံအလိုက် ဆောင်ရွက်ခဲ့ရာတွင် ၂၁ ရာစုတွင် တစ်ကမ္ဘာလုံးပူးပေါင်းတိုက်ဖျက်ရန် လိုအပ်ကြောင်းတွေ့ရသဖြင့် ၂၀၀၃ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဆွေးနွေးညှိနှိုင်းပြီး ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးသဘောတူညီချက် (United Nations Convention Against Corruption–UNCAC)ကို ချမှတ်၍ ကမ္ဘာ့နိုင်ငံများအလိုက် ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများ အချက်အလက်ကောက်ယူသုံးသပ်ခြင်း၊ တားဆီးကာကွယ်ထိန်းချုပ် တိုက်ဖျက်ရေးအတွက် အတွေ့အကြုံဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်တွင် UNCAC ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ကြောင်း၊ ကော်မရှင်က ချမှတ်ထားသည့် မဟာဗျူဟာရည်မှန်းချက်များ၏ အဓိက လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သည့် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့ကိုဆောင်ရွက်ရကြောင်း။

လာဘ်ပေးသူ/ယူသူကိုပါအရေးယူမှသာအဂတိလိုက်စားမှုလျှော့ချနိုင်မည်ဖြစ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့များအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာကြရန်နှင့် ဒေသအလိုက် ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် ကိုယ်ပိုင်ကျင့်ဝတ် (COC) များရေးဆွဲရန် တိုက်တွန်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြား သည်။

ဆွေးနွေးပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို ဇန်နဝါရီ ၂၄ ရက်တွင် မွန်ပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)မှ အဖွဲ့ဝင်များအား ဆက်လက်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် အာရှ-ပစိဖိတ်ဒေသ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်သုံးဦး တက်ရောက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာရှ–ပစိဖိတ်ဒေသ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံ (The 12th Asia Pacific Action Alliance on Human Resources for Health Conference)နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ရန် အာရှ–ပစိဖိတ်ဒေသကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမဟာမိတ်အဖွဲ့ (Asia Pacific Action Alliance on Human Resources for Health–AAAH) ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းသည် ဆေးတက္ကသိုလ်–မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်၊ AAAH အဖွဲ့၏ Country Focal Point ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးပညာသင်ကြားရေး/ပညာပေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာပိုင်သစ္စာတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ အာရှ–ပစိဖိတ်ဒေသ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ(၂၀၃၀)နှင့်အညီ အာရှ–ပစိဖိတ်ဒေသအတွင်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် “Learning from COVID–19 Pandemic: Strengthening Health Workforce and Health System Resilience” ခေါင်းစဉ်ဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ၏ ကျန်းမာရေးစနစ်အပေါ် သက်ရောက်မှုများကို သင်ခန်းစာယူလျက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# တွန်းဇံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တွန်းဇံ ဇန်နဝါရီ ၂၃**

ချင်းပြည်နယ် တွန်းဇံမြို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာများဖြစ်သည့် တွန်းဇံမြို့နယ် တွီးမွီကျေးရွာနှင့် တွီးမန်ကျေးရွာတို့တွင် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက တွီးမန်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျိန်ဒိုးလျန်းက မြစိမ်းရောင်ရန်ပုံငွေနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ပြောကြားပြီး တွီးမွီကျေးရွာကော်မတီဝင်တစ်ဦးက ရန်ပုံငွေသုံးစွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထောင်းဆွင်းမုန်က ငွေစာရင်းထိန်းသိမ်းမှုများ စစ်ဆေးခြင်းနှင့် လိုအပ်သည့်စာရင်းဇယားများ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မူဆယ်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်၊ စာစောင်များ နယ်လှည့်ငှားရမ်းပေး

**မူဆယ် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် Mobile Library စနစ်ဖြင့် စာအုပ်စာစောင်၊ သုတ၊ ရသ စာပေများ နယ်လှည့်ငှားရမ်းပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သွားရောက်ငှားရမ်းပေးခဲ့သည်။



ရှေးဦးစွာ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်ဦးက စာအုပ်၊ စာစောင်များ ငှားရမ်းပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် သုတ၊ ရသ၊ ဝတ္ထုတိုများနှင့် ဘဝအတွက် ခွန်အားဖြစ်စေသောစာအုပ်မျိုးစုံ ၅၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ပေးလျက်ရှိကြောင်းနှင့် စာကြည့်တိုက်အသင်းဝင် ကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ဟိုပုံးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်

**ဟိုပုံး ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနည်း၊ အိမ်ထောင်စုစာရင်းကောက်ယူခြင်း၊ (၄၈) ဇယားဖြည့်သွင်းနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၂၀ တက်ရောက်လျက်ရှိပြီး ငါးရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂၂



# လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှာင်မြို့နယ် ဖြူချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေး

**ရွှာင် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖြူချောင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ဖြူချောင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၂၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖြူချောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား အသင်းသူ ၉၆ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၂၅ သန်းအား အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ꩻꩻꩻ**



# တောင်ကုတ်တက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် သုတေသနစာတမ်းရှင်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**တောင်ကုတ် ဇန်နဝါရီ ၂၃**

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲနှင့် သုတေသနစာတမ်းရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် တောင်ကုတ်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာသန်းထွဋ်လွင်က အဖွင့် အမှာစကားပြောကြားပြီး အမှတ် (၄၇) မူးယစ်တပ်ဖွဲ့စု (စစ်တွေ)မှ ဒုရဲအုပ်သက်လွင်ဟိန်း၊ တောင်ကုတ်မြို့နယ် ဥပဒေအရာရှိ ဦးဘသန်းနှင့် တောင်ကုတ်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းဇော်တို့က မူးယစ်ဆေးဝါး အန္တရာယ် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဥပဒေ၊ မူးယစ်ဆေးနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။



ထို့နောက် မူးယစ်ဆေးဝါး အန္တရာယ် ပညာပေးဟောပြောခဲ့ကြသူများအား ပါမောက္ခချုပ်ဆရာကြီးက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့ကြသော စာတမ်းရှင်များနှင့် အကောင်းဆုံး သုတေသနစာတမ်း ဆုရရှိခဲ့ကြသူများအား ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာသန်းထွဋ်လွင်၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာနီလာအောင်နှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာချိုချိုလွင်တို့က ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်၊ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပလက်ဝမြို့နယ် အိန္ဒိယ-မြန်မာဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်း ပလက်ဝ-ဇိုရမ်ပူကားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ပြန်လည်စတင်ဆောင်ရွက်

**ပလက်ဝ ဇန်နဝါရီ ၂၃**

ချင်းပြည်နယ် ပလက်ဝမြို့နယ် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး စီမံကိန်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ဇိုရမ်ပူအထိ ကားလမ်းဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းများကို အခြေအနေအမျိုးမျိုးကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ရပ်ဆိုင်းခဲ့ရာမှ အဆိုပါစီမံကိန်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ စတင်ပြီး ပလက်ဝ-ဇိုရမ်ပူ ကားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**အကောင်အထည်ဖော်**

အဆိုပါ ပလက်ဝ-ဇိုရမ်ပူ ကားလမ်းသည် ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆိပ်ခံတံတားမှ အိန္ဒိယနိုင်ငံ နယ်နိမိတ်အထိ ၁၀၉ ကီလိုမီတာ ရှည်လျားကာ အကျယ် ၂၇ ပေရှိသည်။ ကားလမ်းဖောက်လုပ်ရေးလုပ်ငန်း စီမံကိန်း တင်ဒါရရှိထားသည့် K & DL ကုမ္ပဏီ၊ Su Htoo San ကုမ္ပဏီ၊ Shwe mann ကုမ္ပဏီ၊ Future Creator Group Construction ကုမ္ပဏီ၊ Htet Shine Linn ကုမ္ပဏီတို့မှ ပလက်ဝ- ဇိုရမ်ပူ ကားလမ်းဖောက်လုပ်ရေး စီမံကိန်းကို ငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပလက်ဝမြို့နယ် ဆိပ်ခံတံတားမှ ကီလိုမီတာ ၄၀ ထိ Caladan Consortium Group ကုမ္ပဏီမှ အပိုင်း လေးပိုင်းခွဲ၍ တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ်တွင် ခွင့်ပြုမိန့်ရရှိထားသည့် စီမံကိန်းကို မိုးမကျမီ ၂၆ ကီလိုမီတာကျော် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း ကုမ္ပဏီလုပ်ငန်းတာဝန်ရှိသူ ဦးဇေယျာကျော်က ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

■



ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား

## ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသ၌ အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာ ဖြစ်စဉ်အပေါ် ပြုလုပ်ခဲ့သော အထူးစုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၇ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာနှင့် မောင်နုကျေးရွာဖြစ်စဉ်များနှင့်ပတ်သက်သည့် ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်စေရေး ဗိုလ်ချုပ်မြတ်ကျော် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အထူးစုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ အထူးစုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့အနေဖြင့် မောင်နုကျေးရွာဖြစ်စဉ်အား စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ချွတ်ပြင်ကျေးရွာဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်တွင် ပါဝင်သော အရပ်သားများသည် ချွတ်ပြင်ကျေးရွာတွင် လည်းကောင်း၊ အနီးဝန်းကျင်ရှိ ကျေးရွာများတွင်လည်းကောင်း နေထိုင်မှုမရှိတော့ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့ခြင်းနှင့် သွားလာမှု ကန့်သတ်ထိန်းချုပ်ထားရှိခြင်းတို့ကြောင့် ယာယီအမှုပိတ်သိမ်းခဲ့ပါသည်။

၂။ ချွတ်ပြင်ကျေးရွာဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်ရပ်အမှန်ပေါ်ပေါက်စေရေး လိုအပ်သောစုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးခုံရုံးဥက္ကဋ္ဌ တာဝန်ပေးအပ်ထားသော ဗိုလ်ချုပ်မြတ်ကျော်သည် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးဖြစ်သဖြင့် အောက်ပါအဖွဲ့ဝင်များပါဝင်သည့် အထူးစုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်းနှင့် လိုအပ်သည့်စစ်ဆေးဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်-

(က) ဗိုလ်မှူးချုပ် စိုးတင့် ဥက္ကဋ္ဌ
( ခ ) ဗိုလ်မှူးကြီး သန်းလှိုင် အဖွဲ့ဝင်
( ဂ ) ဗိုလ်မှူးကြီး မျိုးအောင် အဖွဲ့ဝင်

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**



## ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ရှိ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ဇန်နဝါရီ ၂၂ ရက်နှင့် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၉၁ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မင်းပြားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**



## အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းနှင့် သီလဝါအိမ်ရာစီမံကိန်းမှ အိမ်ခန်းပေါင်း ၂၀၀ ကျော်ကို အတိုးနှုန်းသက်သာသော ချေးငွေစနစ်ဖြင့် ရောင်းချမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ခန်းများကို အတိုးနှုန်းသက်သာသောချေးငွေစနစ်ဖြင့် ဇန်နဝါရီလအတွင်း ရောင်းချပေးသွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းနှင့် သီလဝါစက်မှုဇုန်အနီးရှိ သီလဝါအိမ်ရာစီမံကိန်းတို့မှ အိမ်ခန်းပေါင်း ၂၀၀ ကျော်အား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ရောင်းချပေးသွားမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းမှ ခြောက်ခန်းတွဲလေးထပ် အခန်း ၇၂ ခန်း၊ လေးခန်းတွဲသုံးထပ် ၁၂ ခန်းနှင့် သန်လျင်-ကျောက်တန်းမြို့နယ် သီလဝါစက်မှုဇုန်နှင့် TSEZ စက်မှုဇုန်အနီး(သန်လျင်နည်းပညာတက္ကသိုလ်အနီး)ရှိ သီလဝါအိမ်ရာမှ ခြောက်ခန်းတွဲငါးထပ် အခန်း ၁၂၀ တို့ဖြင့် စုစုပေါင်း အခန်း ၂၀၄ ခန်းကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းမြို့နယ် သီလဝါအိမ်ရာစီမံကိန်းကို တွေ့ရစဉ်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ရောင်းချပေးမည့် အောင်မြင့်မိုရ်အိမ်ရာနှင့် သီလဝါအိမ်ရာစီမံကိန်းတို့ရှိ တန်ဖိုးနည်း/တန်ဖိုးသင့် တိုက်ခန်းပေါင်း ၂၀၄ ခန်းကို ဝယ်ယူကြရန်အတွက် CHID ဘဏ်တွင် စာရင်းပေးသွင်းထားကြရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် စာရင်းအရ အိမ်ရာစုဆောင်းငွေကျပ်သိန်း ၃၀ နှင့် သိန်း ၃၀ အထက် စုဆောင်းထားရှိသူများ၏ တန်းစီဇယားအမှတ်စဉ်များအလိုက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စိစစ်၍ ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

### ကြိုတင်အသိပေးကြေညာထား

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဝယ်ယူခွင့်လျှောက်ထားမှုကို လက်ခံမည်ဖြစ်ပြီး ဘဏ်၏ တန်းစီဇယားအမှတ်စဉ်အရ ဝယ်ယူခွင့်ဆုံးဖြတ်မည့် လာမည့် ဇန်နဝါရီ ၂၇ ရက်တွင် အိမ်ရာစုဆောင်းငွေစာရင်းလက်ကျန် ကျပ်သိန်း ၃၀ ပြည့်မီမှုမရှိပါက ဝယ်ယူခွင့်စာရင်းတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှ ကြိုတင်အသိပေးကြေညာထားချက်အရ သိရသည်။

အိမ်ရာစုဆောင်းငွေ ကျပ်သိန်း ၃၀ ပြည့်မီသူ ၂၇၈၈ ဦးရှိရာ စာရင်းတွင်ပါဝင်သူများ အနေဖြင့် မိမိတို့လျှောက်ထားလိုသော အိမ်ရာစီမံကိန်းတစ်ခုတည်းကိုသာ စာရင်းပေးသွင်းကြရမည်ဖြစ်၍ အိမ်ရာစီမံကိန်းနှစ်ခုလုံးစာရင်းပေးသွင်းပါက စာရင်းလက်ခံရေးသွင်းပေးမည်မဟုတ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၈၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၈၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၁၁,၇၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၁၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၂၆၅၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျောင်းသား ကျောင်းသူ ၆၆၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၅၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၈၉၈၂ ဦးကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပင်လုံ-ဖက်နမ်-ကျောက်တန်းလမ်းမကြီးမှ ကျေးရွာချင်းဆက်လမ်း ရာနှုန်းပြည့်ပြီးစီး

**လွိုင်လင် ဇန်နဝါရီ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၈၁၈ ဒသမ ၆၅၈ သန်းဖြင့် လုပ်ငန်းပေါင်း ၂၂ ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ဆောင်ရွက်ရာတွင် လွိုင်လင်မြို့နယ် ပင်လုံမြို့ ကိုးနဝင်းစေတီတော်မြတ်ကြီးအနီး ပင်လုံ-ဖက်နမ်-ကျောက်တန်းလမ်းမကြီးမှ ကျူဖော်ကျေးရွာနှင့် ဟွေမုန်ကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း ၁/၂ မိုင်အား မူလလမ်း ၂၆ ပေအကျယ် လမ်းတာချဲ့ခြင်း၊ အမာခံကျောက်ဖြုန်းခင်းခြင်း လုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၉၈၉ သန်းဖြင့်လည်းကောင်း၊ ယင်းလမ်းပေါ်တွင် ငါးပေ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ၂၀ ဒသမ ၃၃ သန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၇၉ ဒသမ ၃၁၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် ပင်လုံမြို့ ကိုးနဝင်းစေတီတော်အနီး တောင်ပေါ်ဒေသရှိ ကျေးရွာအုပ်စုနှစ်စု၊ ကျေးရွာရှစ်ရွာနေ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဒေသတွင်းပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သိန်းသန်း**

# ကျေးလက်ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျိုက်ထို ဇန်နဝါရီ ၂၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းများအတွက် ခိုင်စိန်သန့်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ငှက်ပျောတောကျေးရွာ လက်တူးတွင်း တူးဖော်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ထက်ထက်လျှံကုမ္ပဏီမှ တာဝန်ယူဆောင် ရွက်သည့် စွပ်ပွန်းကျေးရွာ လက်တူးတွင်းတူးဖော်ခြင်း၊ ရေပိုက်သွယ်တန်း ခြင်းနှင့် ဂါလန် ၃၀၀၀ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရွှေရည် ထိန်လင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ဘိုက္ကားကျေးရွာ မိုးရေလှောင်ကန် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ယနေ့တွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသုံးရွာနေ အိမ်ထောင်စု ၁၁၅၈ နှင့် လူဦးရေ ၆၀၅၉ ဦးတို့အတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်



ဒါကာ ဇန်နဝါရီ ၂၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဂျာဟန်ဂျာအလမ်းက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

**ယှဉ်ပြိုင်တော့မည်မဟုတ်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက လူတစ်ဦးအနေဖြင့် သမ္မတရာထူးတာဝန်ကို နှစ်ကြိမ်သာလျှင် ထမ်းဆောင်ခွင့် ပြုထားခြင်းကြောင့် လက်ရှိသမ္မတ အဗ္ဗဒူလ်ဟာမစ်သည် နောက်ထပ် သမ္မတသက်တမ်းအတွက် ဝင်ရောက် ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်းလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဂျာဟန်ဂျာအလမ်းက ဇန်နဝါရီ ၂၂ ရက်တွင် ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ရှိသမ္မတ အဗ္ဗဒူလ်ဟာမစ်၏ သမ္မတသက်တမ်းသည် ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဂျာဟန်ဂျာအလမ်းအနေဖြင့် သမ္မတရွေးကောက်ပွဲ အစီအစဉ်များနှင့်စပ်လျဉ်း၍ မကြာမီကာလအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ရှန်ဇိုး-၁၅ အာကာသယာဉ်မှ ယာဉ်မှူးများ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ဆုတောင်းစကား ပေးပို့

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံမှ လွှတ်တင်ခဲ့သည့် ရှန်ဇိုး-၁၅ အာကာသယာဉ်မှ ယာဉ်မှူးများက အာကာသအတွင်းရှိ တိုင်ဂွန်အာကာသစခန်းမှနေ၍ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် နှစ်သစ်ကူးဆုတောင်းများကို ဇန်နဝါရီ ၂၁ ရက်တွင် ပေးပို့ခဲ့ကြောင်း သိရသည်။

ယင်းအာကာသယာဉ်မှ ယာဉ်မှူးများဖြစ်သည့် Fei Junlong၊ Deng Qingming နှင့် Zhang Lu တို့သည် ၎င်းတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကံကောင်းခြင်းစာတန်းပါ စတစ်ကာနှင့် အခြားဆုတောင်းစကားများပါသည့် စတစ်ကာများကို ကမ္ဘာမြေပြင်သို့ပေးပို့ကာ နှစ်သစ်ကူးဆုတောင်းခဲ့ကြကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်မှ ခေါင်းဆောင် အာကာသယာဉ်မှူး Fei က တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ဆုတောင်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အာကာသဆိုင်ရာပန်းချီပြပွဲအတွက် တရုတ်ကလေးငယ်များရေးဆွဲထားသည့် ပန်းချီလက်ရာများကို တိုင်ဂွန်အာကာသစခန်းမှနေ၍ အာကာသယာဉ်မှူးများက ပြသနေသည့် ဗီဒီယိုဖိုင်ကို တရုတ်အာကာသအေဂျင်စီက ဇန်နဝါရီ ၂၁ ရက်တွင် ပြသခဲ့သည်။ အာကာသအတွင်း ခြောက်လခန့် တာဝန်ထမ်းဆောင်ခဲ့သည့် ရှန်ဇိုး-၁၅ အာကာသယာဉ်မှ အာကာသယာဉ်မှူးများသည် သိပ္ပံပညာဆိုင်ရာ လက်တွေ့စမ်းသပ်မှု ၄၀ ကျော်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုးကား-ချိုင်းနားဒေးလီ**
**ဘာသာပြန်-စိုးသူရ**

## အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ် ၁၆ ခု၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု စတင်ဆောင်ရွက်

ကဘူးလ် ဇန်နဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၁၆ ခုမှ အသက်ငါးနှစ်အောက် ကလေးငယ် ၅ ဒသမ ၃ သန်းကျော်အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုကို ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့ကြောင်း အာဖဂန်နစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်အပါအဝင် ပြည်နယ် ၁၆ ခု၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုကို ကျန်းမာရေးဝန်ထမ်းထောင်ကျော်က ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ ဇန်နဝါရီ ၂၆ ရက်အထိ လေးရက်အတွင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ ကလေးငယ်များ ပိုလီယိုဖြစ်ပွားမှု အမြစ်ပြတ်စေရန် ကြိုးစားဆောင်ရွက်နေကြောင်းလည်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ပက်တီကာပြည်နယ်နှင့် ကူနာပြည်နယ်တို့တွင် ပိုလီယိုဖြစ်ပွားမှု နှစ်ဦးသာ တွေ့ရှိခဲ့ကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းကမူ အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုလီယိုဖြစ်ပွားသူ ၅၆ ဦး ရှိခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းဖြေလျှော့အပြီး ပထမဆုံးလာရောက်သည့် တရုတ်ခရီးသည်များအား အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှ ကြိုဆို

ဂျကာတာ ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံမှ စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်သည့် တရုတ်ခရီးသည်များအား အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှ ကြိုဆိုခဲ့ကြောင်း သိရသည်။ ယခုခရီးစဉ်သည် တရုတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ပြီး ပထမဆုံးခရီးစဉ်ဖြစ်သည်။ အဆိုပါလေယာဉ်သည် တရုတ်နိုင်ငံ ရှင်ကျန်းမြို့မှ ခရီးသည် ၂၁၀ လိုက်ပါလာကာ ဘာလီကျွန်းရှိ Gusti Ngurah Rai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇန်နဝါရီ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်လာခဲ့ကြောင်း သိရသည်။

**ပြောကြား**

ယခုရောက်ရှိလာသည့် တရုတ်ခရီးသည်များကို အဆိုပါလေဆိပ်၌ ဘာလီကျွန်းမှဒေသအတီးအမှုတ်များဖြင့် ဘာလီဒေသ အုပ်ချုပ်ရေးမှူး ဝါရန်ကိုစတာ ကိုယ်တိုင်ကြိုဆိုခဲ့ကြောင်း သိရသည်။ ဘာလီကျွန်း ခရီးသွားလုပ်ငန်းသည် တရုတ်ခရီးသည်များ ပြန်လည် ဝင်ရောက်လာခြင်းဖြင့် စည်ပင်ဖွံ့ဖြိုးလာမည် ဖြစ်ပြီး လက်ရှိအချိန်အထိ ဘာလီကျွန်းသို့ လာရောက်သည့် တရုတ်ခရီးသည် ၁ ဒသမ ၄ သန်းအထိ ရောက်ရှိလာကြောင်း ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ တရုတ်ခရီးသည်များအပေါ် ဧည့်ဝတ်ကျေပွန်မှုကို အထင်အရှားတွေ့မြင်ရကြောင်း တရုတ်ခရီးသည်များ၏ ပြောကြားချက်အရ သိရသည်။ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဒန်ပါဆာမြို့ရှိ တရုတ်နိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဇူဇင်လောင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## အာဖရိကဒေသ ဘူကီနာဖက်ဆိုနိုင်ငံ၌ ပြန်ပေးဆွဲခံရသူများအား ပြန်လည်ကယ်တင်နိုင်ခဲ့

ဝွာဂါဒိုဂူ ဇန်နဝါရီ ၂၃

အာဖရိကဒေသ ဘူကီနာဖက်ဆိုနိုင်ငံ ဆဟာဒေသ၌ ဇန်နဝါရီလအစောပိုင်းက ပြန်ပေးဆွဲခံခဲ့ရသည့် ကလေးလေးဦးအပါအဝင် ဒေသခံအမျိုးသမီး ၆၆ ဦးအား ဘူကီနာဖက်ဆိုနိုင်ငံတပ်မတော်က ကယ်တင်နိုင်ခဲ့ကြောင်း ဒေသခံမီဒီယာများက ပြောကြားသည်။

ဆဟာဒေသရှိ အာဘင်ဒါမြို့၌ ၎င်းတို့အား ဇန်နဝါရီ ၁၃ ရက်က လက်နက်ကိုင်ဆောင်ထားသူများက ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့သည် ပြန်ပေးဆွဲခံရချိန်တွင် စားနပ်ရိက္ခာအတွက်ရှာဖွေနေကြောင်းနှင့် ၎င်းတို့အား အကြမ်းဖက်သမားများက Gasseliki နှင့် Gorguel ဒေသများသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ပြန်လည်လွတ်မြောက်လာသူများက ပြောကြားသည်။

အဆိုပါပြန်ပေးဆွဲခံရသူများအား နိုင်ငံ၏ Centre-Nord ဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ပြီး မြို့တော် Ouagadougou သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။ ဘူကီနာဖက်ဆိုနိုင်ငံ၌ ၂၀၁၅ ခုနှစ်မှစတင်၍ အကြမ်းဖက်မှုများဖြစ်ပွားပြီး လူပေါင်းများစွာ သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၃)ရပ်ကွက်နေ ဝေလင်းနောင်(ခ) ဝေလင်းသည် ၎င်းအသုံးပြုသည့် “Wai Linn” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်

ဟိုပုံး ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ယမန်နေ့ညနေ ၆ နာရီက ပေါင်လင်းကျေးရွာအုပ်စု ဒုံမေးခိုးကျေးရွာ၊ ချင်းကုန်းကျေးရွာ၊ လွယ်အွန့်ကျေးရွာအုပ်စုမှ ထီကတူးကျေးရွာ၊ ထီဗွာကျေးရွာ၊ စခွီကျေးရွာ၊ ရန်ကင်းကျေးရွာနှင့် ဝါးဆို့ကျေးရွာရှိ အသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူများကို အခြေခံပညာစာတတ်မြောက်ရေးသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



### သင်ကြားပေး

ထို့သို့ဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ လူမှုဘဝမြင့်မားရေးအတွက် အခြေခံစာတတ်မြောက်ရေးနှင့် တာဝန်သိနိုင်ငံသားကောင်းဆိုင်ရာ အခြေခံအသိပညာပေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဦးစီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒေသအလိုက် စာတတ်မြောက်မှုနှုန်း တိုးတက်ရေးနှင့် လူမှုဘဝမြင့်မားစေရေး၊ သင်ယူသူများသည် အခြေခံစာတတ်မြောက်မှု စွမ်းရည်သာမက နိုင်ငံသားကောင်းအခြေခံအလေ့အကျင့်များ ပိုမိုရရှိလာနိုင်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပညာရယူရန်ကိရိယာတစ်ခုဖြစ်သော အရေးအဖတ်တို့အတွက် အခြေပြုသင်ကြားပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လူမှုဘဝမြင့်မားစေရေးအတွက် အသိပညာပေးခြင်းတို့ဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ဒေသအတွင်းမှ အခြေခံပညာအထက်တန်းအဆင့်နှင့် အထက်ရှိဒေသခံစေတနာလုပ်အားပေးများ၊ ရပ်ရွာရှိ လူမှုရေးအသင်းအဖွဲ့များနှင့် အခြေခံပညာမှ ဆရာ ဆရာမများ၏ လုပ်အားဖြင့် ဒေသအတွင်း အခြေခံစာတတ်မြောက်မှုနှုန်းကို တိုးတက်လာနိုင်ရေးနှင့် လူမှုဘဝမြင့်မားလာရေးစသည့် ရည်ရွယ်ချက်ဖြင့်ပြုလုပ်ပြီး ဆရာ ဆရာမများက စာသင်ဝိုင်းနှင့်စာသင်သားတို့ကို စနစ်တကျ သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၂ ရက်မှ မတ် ၂ ရက်အထိ ရက် ၄၀ ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ “စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက် ခြောက်နှစ်အရွယ် ကလေးငယ် အပါအဝင် မိသားစုဝင် ရှစ်ဦးသေဆုံးခဲ့” ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “KNPP/PDFအကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ချိတ်ဆက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉ ၀၉၅၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်း(ကြို့ကုန်း)၌ အခြေခံငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင် သိပ္ပံကျောင်းတွင် အခြေခံငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာ သင်တန်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဒုတိယတိုင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်း ဝန်ထမ်း ၂၁ ဦးနှင့် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ ဆရာမ သုံးဦးအပါအဝင် သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၄ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းကို ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဝင်းကိုကိုက သင်တန်းပို့ချသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေပြည်သာမြို့နယ် ကျေးဇူးတော်နှင့်တင့်တယ်ခြင်း သမဝါယမအသင်းလီမိတက်က တံမြက်စည်းများ တင်ပို့ရောင်းချ

ရွှေပြည်သာ ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ကျေးဇူးတော်နှင့်တင့်တယ်ခြင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်သည် အသင်းသား ၂၀ ဖြင့် ဖွဲ့စည်းထားရှိပြီး တံမြက်စည်းလုပ်ငန်းဆောင်ရွက်ခြင်းကို လစဉ်ကိုရီးယားနိုင်ငံသို့ အချောင်းရေ ၃၀၀၀၀ ဆံ့ ကွန်တိန်နာပုံး နှစ်ပုံး ပို့ဆောင်လျက်ရှိသည်။ ဝန်ထမ်း ၈၀ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပတ္တာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုဃ်းကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရတနာပုံအကျော်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနဇောတိကာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မတ္တရာတိုက်မကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါ်ဠက္ခာသယပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရုံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနောဒယကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ ၂၀၂၂ ခုနှစ်မှ

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ခြောက်လသားအရွယ်တွင် အရပ်အမြင့် သုံးပေ တစ်လက်မ၊ ကိုယ်လုံးလုံးပတ် လေးပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၃၅၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ မန်ယူအသင်းမှ

အာဆင်နယ်အသင်းဟာ မန်ယူအသင်းရဲ့အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ သုံးဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး အခု အမ်းမရိတ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာတော့ မန်ယူအသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိကာ အိုးထရက်ဖို့ဒ် ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်း အနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၉ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၀ ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာက မန်စီးတီးအသင်းကို ငါးမှတ်အထိ ဖြတ်ကာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နယူးကာဆယ်အသင်းနဲ့ ရမှတ် ၃၉ မှတ်တူညီလျက်ရှိကာ ဂိုးကွာခြားချက်နဲ့ ပရီမီယာလိဂ်အဆင့် ၄ နေရာမှာ ရပ်တည်လျက်ရှိတာဖြစ်ပါတယ်။

**ငွေကြယ်**

❍ အာရှဖလားမှ

မြန်မာ ယူ–၂၀ အမျိုးသမီးအသင်းသည် မတ်လတွင် အာရှဖလား ယူ–၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာ ယူ–၂၀ အမျိုးသမီးအသင်းတွင် နည်းပြချုပ် – ဒေါ်စန်းစန်းသိန်း၊ လက်ထောက်နည်းပြများ – ဒေါ်နွယ်နွယ်တိုး၊ ဒေါ်စန်းယုနိုင်၊ ဂိုးနည်းပြ – ဒေါ်မေခင်ယမင်း၊ ပဏာမကစားသမားများအဖြစ် ဂိုးသမား– မေဦးခင်(အား/ကာသိပ္ပံ)၊ ဖီးဗေ(Y.R.E.O FC)၊ လူဆီးယာ(မြဝတီအက်ဖ်စီ)၊ သူဇာအောင်(ဧရာဝတီတိုင်းဒေသကြီး)၊ သက်ထားအောင်(မကွေးတိုင်းဒေသကြီး)၊ နောက်တန်း – ဖြူဖွေး၊ ယုယုနိုင်၊ ဖျားမြမိုးမိုးအေး၊ နွယ်မိုး(Y.R.E.O FC)၊ ခင်ဌေးကြိုင်၊ မိုးပြည့်ပြည့်မောင်(အား/ကာဦးစီးဌာန)၊ ဒီဇင်ဘာနှင်း(သစ္စာအားမာန်)၊ ခင်မိုးဝင်း(ဧရာဝတီတိုင်းဒေသကြီး)၊ အိဇင်မိုး(Youth Camp နေပြည်တော်)၊ ယမင်းစန္ဒာအောင်၊ မေသရဖီကျော်(မကွေးတိုင်းဒေသကြီး)၊ ကြယ်စင်(အား/ကာသိပ္ပံ)၊ ဖြူဖြူဝင်း(မြဝတီအက်ဖ်စီ)၊ ဝေဖူးအိမ်(သစ္စာအားမာန်အက်ဖ်စီ)။ အလယ်တန်း– ဒေစီအောင်၊ နန်းချို့မွှေး (Y.R.E.O FC)၊ သဇင်မိုး(မွန်ပြည်နယ်)၊ နှင်းပွင့်အေး၊ ဟေမာန်စိုး (အား/ကာသိပ္ပံ)၊ ဒီနင်ရာ၊ ဇခါရိုရ်စီ(ကချင်ပြည်နယ်)၊ ကေသွယ်ဖြိုး(အား/ကာသိပ္ပံ–ရန်ကုန်)၊ သိင်္ဂီထွေး၊ ဝေဟာင်ဖြိုး(အား/ကာဦးစီးဌာန)၊ စန္ဒာလင်း(အား/ကာသိပ္ပံ–မန္တလေး)၊ မြနှင်းဝေ(မကွေးတိုင်းဒေသကြီး)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)။

ရှေ့တန်း–ဇင်မိုးပြည့်၊ ယုယနိုင်(Y.R.E.O FC)၊ ဆုမြတ်နိုး (မြဝတီအက်ဖ်စီ)၊ ယဉ်လွန်းအိမ်(အား/ကာသိပ္ပံ)၊ ယွန်းဝတီလှိုင်(အား/ကာသိပ္ပံ–မန္တလေး)နှင့် ဇမ်းခမ်းဟုန်(စစ်ကိုင်းတိုင်းဒေသကြီး)တို့ ပါဝင်ကြသည်။ ယခုကစားသမားများကို ပြီးခဲ့သည့်နှစ် အမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများမှ ကစားသမားများ၊ ယူ–၁၉ နှင့် ယူ–၁၆ လက်ရွေးစင်များ၊ အား/ကာသိပ္ပံများမှ ကစားသမားများအပြင် နေပြည်တော်တွင် ကျင်းပခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သော ကစားသမားများဖြင့် ပေါင်းစပ်ရွေးချယ်ထားခြင်းဖြစ်သည်။

အာရှဖလား ယူ–၂၀ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးအသင်းများသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလား ပထမအဆင့်ခြေစစ်ပွဲအပြီးတွင် အခြားနိုင်ငံတကာပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄–၁–၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်ထောင်စုလမ်းမကြီး ပုသိမ် (ကံကလေး) - မုံရွာကားလမ်း(၁) ရောဝတီတိုင်းဒေသကြီးအပိုင်း

ခရမ်းစိုးမြင့်

ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ပုသိမ်-မုံရွာကားလမ်းသည် ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် (ကံကလေး)မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာအထိ မိုင်ပေါင်း ၄၅၀ မိုင် ၅ ဖာလုံရှိပြီး ရောဝတီတိုင်းဒေသကြီးမှစကာ ပဲခူးတိုင်းဒေသကြီးကိုဖြတ်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထိ ဖောက်လုပ်ထားသောလမ်းဖြစ်သည်။

လမ်းအစရှိရာ ရောဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနသို့သွားခဲ့ပြီး လမ်းဦးစီးဌာန၏အစီအစဉ်ဖြင့် ပုသိမ်မှ ကံကလေး၊ ကံကလေးမှ ပုသိမ်-မုံရွာလမ်းအတိုင်းအထူးအဖွဲ့ရုံး ၂၀ ရှိရာ ရေကြည်သို့ သွားရောက်မေးမြန်းခဲ့သည်။

**ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီး**

ရေကြည်မြို့နယ် လမ်းဦးစီးဌာနနှင့် ကျောင်းကုန်းမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လမ်းအထူးအဖွဲ့ (၂၀) မှ တာဝန်ရှိသူများက ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီးအား ရောဝတီတိုင်းဒေသကြီးအတွင်း၌ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှု ရှင်းလင်းပြောကြားထားသည်များကို ဖော်ပြလိုက်ပါသည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီးကို ရောဝတီတိုင်းဒေသကြီးအတွင်း ကျောင်းကုန်းမြို့နယ် လမ်းဦးစီးဌာနက ၃ မိုင် ၃ ဖာလုံ၊ ရေကြည်မြို့နယ် လမ်းဦးစီးဌာနက ၁၇ မိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဖောက်လုပ်ရေးအထူးအဖွဲ့ (၂၀) က ၈၂ မိုင် စုစုပေါင်း ၁၀၂ မိုင် ၃ ဖာလုံကို တာဝန်ယူအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ရောဝတီတိုင်းဒေသကြီးတွင် ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်ဟူ၍ ရှစ်ခရိုင်၊ မြို့နယ်ပေါင်း ၂၆ မြို့နယ်နှင့် မြို့နယ်ခွဲပေါင်း ခုနစ်မြို့နယ်ရှိသည်ဖြစ်ရာ ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် လမ်းဦးစီးဌာနမှ ၃ မိုင် ၃ ဖာလုံ တာဝန်ယူဆောင်ရွက်နေသည့်အနက် ၃ ဖာလုံနှင့် ရေကြည်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့်အနက် ၁၇ မိုင်တို့ကို ခွင့်ပြုချက်ဖြင့် ကွန်ကရစ်လမ်းခင်းခဲ့သည်။ ဘဏ္ဍာနှစ်အလိုက် အသုံးပြုခဲ့သော ဘဏ္ဍာငွေစာရင်းမှာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၆၉၆ ဒသမ ၄၉၅ သန်းဖြင့် နှစ်အလိုက်အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၂၄ ပေအကျယ်ကတ္တရာလမ်း သုညမိုင် ၆ ဖာလုံ၊ ၂၃ ပေအကျယ်ကတ္တရာလမ်း ၅ မိုင် ၄ ဖာလုံ+ ပေ ၃၀၀၊ ၂၃ ပေအကျယ်ကွန်ကရစ်လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၈ ပေအကျယ်ကတ္တရာလမ်း ၁၂ မိုင် ၃ ဖာလုံ+ ပေ ၃၆၀၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း သုညမိုင် ၃ ဖာလုံအထိ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။

ပုသိမ် (ကံကလေး)-မုံရွာလမ်း၏ ၂၄ ပေအကျယ်လမ်းဖြစ်ရန် ကျန်ရှိသောကတ္တရာလမ်း ၁၂ မိုင် ၃ ဖာလုံ+ ပေ ၃၆၀ အား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သုညမိုင် ၅ ဖာလုံ ပေ ၃၃၀၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ၂ မိုင် ၄ ဖာလုံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၂ မိုင် ၇ ဖာလုံ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၂ မိုင် ၇ ဖာလုံ၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂ မိုင် ၇ ဖာလုံ+ ပေ ၃၆၀ နှင့် ၂၄ ပေအကျယ်လမ်းဖြစ်ရန် ကျန်ရှိသော ကွန်ကရစ်လမ်း သုညမိုင် ၃ ဖာလုံ၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် သုညမိုင် ၃ ဖာလုံတို့အား နှစ်အလိုက်လျာထားချက်ရေးဆွဲ၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၂၀)မှ ၈၂ မိုင် တာဝန်ယူဆောင်ရွက်နေသည့်အနက် ခွင့်ပြုချက်ဖြင့် လေးမိုင်ကို ကွန်ကရစ်လမ်းခင်းနိုင်ပြီး ဘဏ္ဍာနှစ်အလိုက်အသုံးပြုခဲ့သော ဘဏ္ဍာငွေစာရင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၅၀၈၃ ဒသမ ၄၅၉ သန်းဖြင့် နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၂၄ ပေအကျယ် ကွန်ကရစ်လမ်း ၄ မိုင်၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၁ မိုင် ၅ ဖာလုံ၊ ၂၃ ပေအကျယ် ကတ္တရာလမ်း ၂ မိုင် ၃ ဖာလုံ၊ ၂၂ ပေအကျယ် ကတ္တရာလမ်း ၁၄ မိုင်၊ ၁၈ ပေအကျယ် ကတ္တရာလမ်း မိုင် ၆၀ အထိ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

> **ရောဝတီတိုင်းဒေသကြီးတွင် ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်ဟူ၍ ရှစ်ခရိုင်၊ မြို့နယ်ပေါင်း ၂၆ မြို့နယ်နှင့် မြို့နယ်ခွဲပေါင်း ခုနစ်မြို့နယ်ရှိသည်ဖြစ်ရာ ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် လမ်းဦးစီးဌာနမှ ၃ မိုင် ၃ ဖာလုံ တာဝန်ယူဆောင်ရွက်နေသည့်အနက် ၃ ဖာလုံနှင့် ရေကြည်မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့်အနက် ၁၇ မိုင်တို့ကို ခွင့်ပြုချက်ဖြင့် ကွန်ကရစ်လမ်းခင်းခဲ့သည်။ ဘဏ္ဍာနှစ်အလိုက် အသုံးပြုခဲ့သော ဘဏ္ဍာငွေစာရင်းမှာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၆၉၆ ဒသမ ၄၉၅ သန်းဖြင့် နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့**

ပုသိမ် (ကံကလေး)-မုံရွာလမ်း၏ ၂၄ ပေအကျယ် လမ်းဖြစ်ရန် ကျန်ရှိသော ၅၈ မိုင်အား ဘဏ္ဍာနှစ်အလိုက် လျာထားချက်ရေးဆွဲ၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဟုဆိုသည်။

**လမ်းကွန်ရက်မိုင်ပေါင်း ၄၉၄ မိုင်အထိရှိ**

ရောဝတီတိုင်းဒေသကြီးတွင် ၂၀၀၈ ခုနှစ်မှစ၍ လမ်းကွန်ရက်များကို စီမံကိန်းငါးသွယ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီးအတွင်း လမ်းကွန်ရက် ၁၁ သွယ်အထိရှိနေပြီး လမ်းကွန်ရက်မိုင်ပေါင်း ၄၉၄ မိုင်အထိ ရှိနေကြောင်း သိရသည်။

ယင်းတို့မှာ မအူပင်-ရေလဲလေး- ရွှေတောင်မော်- ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်း ၄၄ မိုင် ၆ ဖာလုံ၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်းသစ်ပုတ်ကွင်း-ပေါက် -ပြင်စလူလမ်း ၇၂ မိုင် ၃ ဖာလုံ၊ လပွတ္တာ-သင်္ကန်းကြီး - ပြင်စလူလမ်း ၃၅ မိုင် ၂ ဖာလုံ၊ လပွတ္တာ (ကျောက်ဖျာလေး)- သုံးခွ - အုတ်တွင်း-ထိပ်စွန်းလမ်း ၅၅ မိုင် ၁ ဖာလုံ၊ ဘိုကလေး - ကြိမ်ချောင်း-ကဒုံကနိလမ်း ၄၂ မိုင်၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၈ မိုင် ၅ ဖာလုံ၊ ဖျာပုံ - ကျုံကဒ္ဒန်း - ဒေါ်ငြိမ်း - အမာလမ်း ၅၁ မိုင်၊ ကျုံကဒ္ဒန်း - စက်ဆန်းလမ်း ၁၇ မိုင် ၆ ဖာလုံ၊ ဂျက်ကာ - စိန်တောင် - မော်တင်စွန်းလမ်း ၉၅ မိုင်၊ ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ - မြောင်းမြလမ်း ၂၂ မိုင် ၅ ဖာလုံ၊ ပုသိမ်-ငပုတောလမ်း ၁၉ မိုင် ၅ ဖာလုံတို့ဖြစ်သည်။

**တံတားစုစုပေါင်း ၂၇၅၉ စင်း တည်ဆောက်ပေးထား**

လမ်းကွန်ရက်များနှင့်အတူ ရောဝတီတိုင်းဒေသကြီးအတွင်း မြစ်ချောင်းများပေါ်၌ ပေ ၁၉၀၀ ရှိ ရွှေလောင်းမြစ်ကူးတံတား၊ ပေ ၃၀၂၀ ရှိ ဝါးခယ်မ မြစ်ကူးတံတား၊ မြောင်းမြတံတား၊ ညောင်တုန်း တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ပုသိမ်တံတား အမှတ် (၁)၊ (၂) အပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၉၃ စင်း၊ ပေ ၁၈၀ အောက်ကွန်ကရစ် တံတား ၉၄၂ စင်း၊ ဘေလီတံတား ပေ ၁၈၀ အထက် ၄၄ စင်း၊ ပေ ၁၈၀ အောက် ၆၁ စင်း၊ သစ်သား တံတားပေ ၁၈၀ အထက် ကိုးစင်း၊ ပေ ၁၈၀အောက် အစင်း ၅၀၊ ရေပြွန်/ ရေကျော် တံတားပေ ၁၈၀ အောက် အစင်း ၁၅၆၀ ရှိပြီး တံတားစုစုပေါင်း ၂၇၅၉ စင်းတည်ဆောက်ပေးထားသည်ဟု သိရသည်။

ယင်းသို့ နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရောဝတီတိုင်းလမ်းဦးစီးဌာနတို့က တည်ဆောက်ဖောက်လုပ်ပေးထားသော လမ်းကွန်ရက်များ၊ တံတားစီမံကိန်းကြီးများနှင့်အတူ ရောဝတီတိုင်းဒေသကြီးအတွင်း အလျားလိုက် လမ်းမကြီးလေးသွယ်၊ ပြည်ထောင်စုစာရင်းဝင် ကန့်လန့်ဖြတ်လမ်းမကြီးကိုးသွယ်တို့ ဆက်သွယ်ပေါင်းစုံဖောက်လုပ်ထားရာ ရောဝတီတိုင်းဒေသကြီးတစ်ခုလုံး ယခင်က ရေလမ်းခရီးမော်တော်စီး၍ သွားလာနေရသည့်ဘဝမှ ယခုအခါကားနှင့်ပတ်၍ရသည်အထိ တိုးတက်လျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်၍ ပုသိမ် (ကံကလေး)- မုံရွာကားလမ်းမှ အနောက်စူးစူးထွက်လျှင် ပုသိမ်သို့လည်းကောင်း၊ အရှေ့ဘက်ထွက်လျှင် ရန်ကုန်သို့လည်းကောင်း၊ ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ် (၃၀/၁)မှ ခွဲထွက်ခဲ့သော် ရခိုင်ပြည်နယ်သို့လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၀၂/၃)မှ သွားလျှင် ပဲခူးတိုင်းဒေသကြီးတို့လည်းကောင်း ဆက်သွယ်သွားလာ၍ရပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ဆက်သွယ်၍ရသော လမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ ။



ပုသိမ်-မုံရွာကားလမ်း ရောဝတီတိုင်းဒေသကြီးအပိုင်းတွင် ကွန်ကရစ်လမ်းခင်းထားစဉ်။



ပုသိမ်-မုံရွာကားလမ်း ရောဝတီတိုင်းဒေသကြီးအပိုင်းတွင် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နေစဉ်။

# ကိုယ့်အစွမ်းကို ပြရမည်

ပီမိုးနင်း

လူတို့၏ အဘယ်မျှပင်ကောင်းသော အရည်အချင်း သတ္တိအစွမ်း ရှိစေကာမူ မပြလျှင် မပေါ်နိုင်၊ ပြမှ ပေါ်နိုင်လေသည်။ အချို့သော ယောက်ျားပျိုတို့သည် မိမိတို့၌ရှိသော အစွမ်းသတ္တိတို့ကို ပြဖို့ရန် ရှက်ကြ၏။ အချို့ကား ကြွားသည်ဟု အထင်ခံရမည်ကို ကြောက်ကြ၏။ အချို့ကား ငါ့အစွမ်းကို နောက်မှပြမည် အချက်ပေါ်မှ သိစေမည် ဟူသော ပညာရှိစိတ်မျိုးထားကြ၏။ ထိုစိတ်မျိုးသည် ကောင်း၏၊ မြတ်၏။ သို့သော်လည်း ယခုခေတ်အခါသမယ၌ ထိုကဲ့သို့ အချိန်အခါကို စောင့်ဆိုင်းသော ဣန္ဒြေကြီး၍နေကြမည်ဆိုလျှင် မိမိတို့လောက် အရည်အချင်းမရှိဘဲ မိမိတို့ထက် ဟန်ကောင်းသူတို့မှာ မိမိတို့ အရင် စားလမ်းပွင့်တတ်လေသည်။

မိမိမစွမ်းသော ဌာန၊ မိမိမနိုင်သော အလုပ်တို့၌ မိမိတို့မှာရှိသော အရည်အချင်းထက် ပိုမိုကြွားဝါပြောဆိုဖို့ရန် ကျွန်ုပ်တို့ ဆိုလိုသည် မဟုတ် မိမိ၌ အဟုတ်တကယ်၊ အစွမ်းသတ္တိရှိသလောက်ကို ကုန်စင်အောင် ဖော်ပြဖို့ ဆိုလိုရင်းဖြစ်ပေသည်။

ထိုကဲ့သို့ မှန်သလောက် အစွမ်းသတ္တိကို ဖော်ပြခြင်းသည် မကောင်းသောအရာ မဟုတ်၊ တက်ကြွကြွားဝါခြင်းလည်း မဟုတ်ပေ။ ယခုကာလ သက်သေခံလက်မှတ်များ၊ အတန်းစာမေးပွဲအောင်သော လက်မှတ်များသည် ထိုကဲ့သို့ ဟုတ်တိုင်းမှန်ရာ စွမ်းရည်သတ္တိကို ဖော်ပြထိုက်ကြောင်း ကောင်းသောထောက်ခံချက်များ ဖြစ်ကြလေသည်။

အချို့သောသူတို့မှာ မာနတစ်မျိုးရှိ၏။ ထိုမာနသည်ကား မည်သည့် အရပ်မှာမဆို မသိ၊ မတတ်ဟူသော အထင်အမြင်ကို မခံလိုသောမာန ဖြစ်လေသည်။ ထိုမာနအစွမ်းဖြင့် ခပ်သိမ်းသောအလုပ်၊ ခပ်သိမ်းသော အတတ်၊ ခပ်သိမ်းသော ပညာတို့ကို လိုက်စားလျက် အဘယ်အတတ်မှာမျှ လေးလုံးမကွဲဘဲ အပြောသာတတ်၍ အလုပ်၌ လူအောက်ကို ကျတတ်လေသည်။

စာရေးဆရာကြီးတစ်ယောက် ရှိဖူး၏။ ၎င်းဆရာကြီးသည် ရာဇဝင်၌ မိမိကိုယ်ကို တစ်ဖက်ကမ်းခပ်သည်ဟုထင်လျက် မိမိကိုယ်ကို ပြိုင်ဘက်မရှိသလောက် ပြောလေ့ရှိ၏။ ဗေဒင်အရာ၌ ကဝိစိန္တာတို့ကပင် မိမိကို ကြောက်ရသည်ဟုဆို၏။ ဂီတအရာ၌ အကြေအညာ နှစ်တိုင်း နှစ်ရပ်မှာ မိမိနှင့်တူသူမရှိ၊ ဆန်းအလင်္ကာ အစီအကုံးအနှုန်း အဖွဲ့အရာ၌ ငါတစ်ဦးတည်းသာတတ်သည်။ အင်းအိုင် ခါးလှည့် လက်ဖွဲ့မန္တန်၊ အင်္ဂဝိဇ္ဇာ ဓာတ်ရိုက်ရာ၌ အတုလဆရာတော်တစ်ပါး ဖြစ်သည်။ ဆေးဖက်ဓာတ်ဖက်၌ ငါနှင့်ငါသာ နှိုင်းစရာဖြစ်သည် စသည်ဖြင့် ရဲတင်းစွာပြောလေ့ရှိ၏။ ထိုဆရာကြီးပြောသည့်အတိုင်းလည်း ဗဟုသုတနှင့်ပြည့်စုံ၏။ သို့သော်လည်း ၎င်းအတတ်ဟူသမျှ၌ မည်သည့် အတတ်မှာမှ တစ်ဂဏန်းမဖောက်လုပ်သမျှသော အလုပ်၌ မိမိထက် သာသောသူများနှင့်သာတွေ့၍ အောက်ကျနောက်ကျ အသက်မွေးရလေသည်။ ၎င်းသည် စင်စစ်အားဖြင့် အတတ်ပညာ တစ်ခုခုကိုမှ ချစ်ခင်၍ သင်သူမဟုတ်။ ငါတတ်သည်ဟု ပြောရုံမျှ သင်ကြားလေ့လာခဲ့သူဖြစ်လေသည်။

**ဗဟုသုတပညာအမျိုးမျိုးတို့ကို တတ်ခြင်းသည် ကောင်း၏။ သို့သော်လည်း အမျိုးမျိုးသော ပညာတို့အနက် ချစ်ချစ်ခင်ခင် စူးစူးစိုက်စိုက်လေ့လာလိုက်စားသော အတတ်မျိုးနှစ်မျိုးရှိအပ်ပေသည်။ ထိုအတတ်ပညာမျိုး၌ကား မိမိကိုယ်ကို အောက်တန်းမကျအောင် ကြိုးစားရာ၏။ အခြားပညာကို ထုတ်ဖော်၍ ကြွားဝါဖို့မလိုပေ။ ထိုကဲ့သို့သော သူတို့သည် မိမိတို့ဆိုင်ရာ တစ်ခုခုသောအတတ်ပညာဖြင့် ကြီးပွားမြဲဖြစ်လျက် အလုပ်လုပ်ရာ၌ လူ့အောက်မှ လွတ်လပ်လျက် စိတ်၏ချမ်းသာခြင်းကို ရမြဲဖြစ်**

ဗဟုသုတပညာအမျိုးမျိုးတို့ကို တတ်ခြင်းသည် ကောင်း၏။ သို့သော်လည်း အမျိုးမျိုးသော ပညာတို့အနက် ချစ်ချစ်ခင်ခင် စူးစူးစိုက်စိုက်လေ့လာလိုက်စားသော အတတ်မျိုးနှစ်မျိုးရှိအပ်ပေသည်။ ထိုအတတ်ပညာမျိုး၌ကား မိမိကိုယ်ကို အောက်တန်းမကျအောင် ကြိုးစားရာ၏။ အခြားပညာကို ထုတ်ဖော်၍ ကြွားဝါဖို့မလိုပေ။ ထိုကဲ့သို့သော သူတို့သည် မိမိတို့ဆိုင်ရာတစ်ခုခုသော အတတ်ပညာဖြင့် ကြီးပွားမြဲဖြစ်လျက် အလုပ်လုပ်ရာ၌ လူ့အောက်မှ လွတ်လပ်လျက် စိတ်၏ချမ်းသာခြင်းကို ရမြဲဖြစ်၏။ ထိုကဲ့သို့သော တစ်ခုကောင်းပညာမျိုး၌ အစွမ်းကို ရဲရင့်စွာပြကြရမည်။ မိမိတို့နှင့်မဆိုင်သော အတတ်ပညာတို့၌ကား ကြွားဝါ၍ အစွမ်းပြချေက 'ငါသိုင်းများ ဟင်းဟုန်သည်" ဟူသောစကားလို ဖြစ်တတ်လေသည်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်



### ပြန်လည်ရုန်းထနိုင်ပါစေ

"ကျွန်ုပ်တို့ရဲ့ အကြီးမြတ်ဆုံးသော ဂုဏ်ဒြပ်ဟာ တစ်ခါမှ ကျဆုံးရှုံးနိမ့်မှု မရှိခြင်းထဲမှာ ရှိတာမဟုတ်ဘူး။ ကျဆုံးရှုံးနိမ့်တဲ့အခါတိုင်း ပြန်ပြီးရုန်းထမှုထဲမှာ ရှိတာဖြစ်တယ်။"

ကွန်ဖြူးရှပ်(စ်)(ဘီစီ၅၅၁–၄၇၉)

ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းကကြိုးစားလျက်ရှိရာ အဓိကလိုအပ်ချက်တစ်ခုကို လူသားတိုင်းက သတိမမူမိသည်အထိ မေ့လျော့နေတတ်ကြသည်။

ယင်းမှာ ပြန်လည်ရုန်းထနိုင်မှုပင်ဖြစ်သည်။

အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းက အစဉ်သဖြင့် ကြိုးစားကြသည်ချည်းဖြစ်ရာ အောင်မြင်ကြီးပွားရေးအတွက်ကိုသာ အဓိကအာရုံစိုက်ကြိုးစားကြသည်။ သို့ရာတွင် သတိမမူမိသည့် ဘဝဖြတ်သန်းမှုတွင် အခရာကျသည့် ပြန်လည်ရုန်းထနိုင်မှုဟူသည့် အချက်တစ်ချက်သည်လည်း လွန်စွာမှအရေးပါလှသည်။ အကြောင်းမှာ အောင်မြင်မှုရရှိရေးအတွက် ကြိုးစားရုန်းကန်နေစဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ရှုံးနိမ့်မှု၊ ကျဆုံးမှု၊ ပြိုလဲမှုစသည်ဖြင့် ကြုံတွေ့နိုင်ကြပေသည်။

ယင်းသို့ တွေ့ကြုံခံစားရလျှင် စိတ်ဓာတ်ကျဆင်းကာ အချို့က ဘဝကို ရေစုန်မျှောလိုက်ကြသည်များ ရှိပေသည်။ ရာခိုင်နှုန်းအားဖြင့် လွန်စွာနည်းပါးသည့် အရေအတွက်သာ ဘဝလောကဓံကို ကြံ့ကြံ့ခံပြီး ကြိုးစားရုန်းကန်ကာ ရုန်းထကြသည်။ ပြန်လည်ရုန်းထရန် ကြိုးစားကြသည့်အရေအတွက် နည်းပါးလွန်းလှသည်။

သို့ဖြစ်၍ မည်သည့်အတွက်ကြောင့်ပင်ဖြစ်စေ ဘဝဖြတ်သန်းမှုတစ်လျှောက်တွင် လဲပြိုခဲ့သည်ရှိသော် အချိန်မီပြန်လည်ရုန်းထနိုင်ရန် လိုအပ်သည်။ ပြန်လည်ရုန်းထနိုင်ရန်လည်း ကြိုးစားရပေမည်။

အကြောင်းမှာ အမှန်စင်စစ်တွင် အောင်မြင်မှုကို အလွယ်တကူရယူရန်အတွက် ဖြတ်လမ်းဟူ၍ မရှိသဖြင့် လွယ်လွယ်ကူကူနှင့် ရရှိနိုင်ပါသည်ဟူသော အောင်မြင်မှုသည် အတုအပ သို့မဟုတ် သေးငယ်သော ဆုလာဘ်တစ်ခုခုသာဖြစ်နိုင်ပါသည်။ ကြီးမားခမ်းနားလှသည့် မဟာအောင်မြင်မှုကြီးကို အခက်အခဲမရှိပါဘဲ လွယ်ကူစွာဖြတ်လမ်းမှ ရရစေပါမည်ဟုဆိုသူရှိလျှင် ထိုလူသည် လိမ်လည်ခြင်းသာဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အစစ်အမှန် အောင်မြင်မှုဟူသည်ကား ခက်ခဲကြမ်းတမ်းမှုများကို ပင်ပန်းစွာဖြတ်သန်းပြီးမှသာ ရရှိနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။

ရှုံးနိမ့်မှုများကို အကြိမ်ကြိမ်ဖြတ်သန်းပြီးမှသာ အလွန်တရာကြီးမြင့်သော အောင်မြင်မှုမျိုးကို တက်လှမ်းဆွတ်ခူးနိုင်သည်ချည်းဖြစ်သည်။

ရည်မှန်းချက်ပန်းတိုင်သို့ ဆိုက်ရောက်နိုင်ခြင်းသည်မှာ အခက်အခဲများကိုမမှုဘဲ ဇွဲရှိရှိဖြင့် အကြိမ်ကြိမ်အခါခါ ကြိုးပမ်းခြင်း၏ရလဒ်ပင်။

အကြိမ်ကြိမ်အခါခါ ကြိုးစားရုန်းကန်နိုင်မှု၏ အသီးအပွင့်လည်းဖြစ်သည်။

"မင်းတို့ လဲကျတာကို ငါစိတ်မပူပါဘူး။ မင်းတို့ ပြန်ထမလာမှာကိုပဲ ငါစိတ်ပူတယ်။"

အမေရိကန်ပြည်ထောင်စု၏ (၁၆)ဆက်မြောက် သမ္မတဖြစ်သူ အေဘရာဟင်လင်ကွန်း (၁၈၀၉–၁၈၆၅)၏ပြောကြားခဲ့သော အလွန်အဖိုးထိုက်တန်လှသည့် စကားတစ်ခွန်းဖြစ်ပေသည်။

အောင်မြင်မှုရရှိခဲ့ကြသည့် မည်သည့်ပုဂ္ဂိုလ်မဆို အောင်မြင်မှုဟူသည့်ပန်းတိုင်ကို မပိုင်ဆိုင်မီ၊ မခူးဆွတ်နိုင်မီအချိန်ကာလတွင် ဆုံးရှုံးမှု၊ လဲပြိုမှုတို့နှင့် ကြုံတွေ့ခဲ့ရမည်မှာလည်း လောကဓမ္မတာပင်ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့အဖွဲ့အစည်းတွင်လည်းကောင်း ကြိုးစားရုန်းကန်မှုကာလတစ်လျှောက်တွင် ကြိုးစားရုန်းကန်ကြရင်း မည်သို့ပင်လဲပြိုမှုများရှိနေစေကာမူ ပြန်လည်ရုန်းထနိုင်ရန် အားပေးတွဲခေါ်နိုင်ရမည် ဖြစ်သည်။ မိမိကိုယ်တိုင်ပင်ကြုံတွေ့ရလျှင် မိမိကိုယ်ကိုအားပေးနှစ်သိမ့်ကာ ကြိုးစားရုန်းထရမည်လည်းဖြစ်သည်။ ထို့အပြင် လဲကျခဲ့ရသော အားနည်းချက်များကို အတွေ့အကြုံကောင်းများအဖြစ် သင်ခန်းစာယူကာ အားသာချက်များကို ဂုဏ်ယူချီးကျူးပြီး စိတ်ဓာတ်မြှင့်တင်ရေးလုပ်ဆောင်ပြီး ရည်မှန်းချက်ပန်းတိုင်အရောက် လျှောက်လှမ်းနိုင်ရပေမည်။

ထို့ကြောင့် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများသည် ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များပင်ဖြစ်သည်။ ကျောင်းသားကျောင်းသူများသည် စာမေးပွဲအောင်မြင်ရမည် ဟူသည့် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် ကြိုးစားကျက်မှတ်ထားသော သင်ခန်းစာများကို မကြာမီဖြေဆိုကြရတော့မည့် စာမေးပွဲကြီးတွင် အစွမ်းအစပြကြရပေတော့မည်။ စာမေးပွဲအောင်မြင်ရမည် ဟူသည့် စိတ်စွမ်းအားကို လက်ကိုင်ထားကာ စာမေးပွဲ ဖြေဆိုမည့်အခန်းအတွင်းသို့ ဝင်ရောက်ရမည် ဖြစ်သည်။ သို့မှသာ အောင်မြင်မှုကို လက်တွေ့ခံစားရပေမည်။

ထိုနည်းတူစွာပင် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလိုကြသော ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် အောင်မြင်ကြီးပွားမှုရရှိရေးဟူသည့် ဘဝစာမေးပွဲကြီးကို ရင်ဆိုင်ဖြေဆိုကြရမည်လည်းဖြစ်ရာ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရမည်ဟူသည့် စိတ်စွမ်းအင်တန်ခိုးတို့ဖြင့် ကြိုးစားလုပ်ဆောင်ပါက အောင်မြင်ကြီးပွားချမ်းသာမှုအစစ်အမှန်ကို မလွဲမသွေရရှိမည် ဖြစ်ပေတော့သည်။ ။

■

# ဘဝမြင့်မားသူဖြစ်ချင်သလား

မောင်ထူးချွန်

လူတွေက ဘဝကိုမြင့်မားလိုကြတယ်။ မြင့်မားတဲ့ဘဝကို ဘယ်သူကမှ မလိုချင်တဲ့သူမရှိဘူး။ မောင်တို့ မယ်တို့ရော မြင့်မြင့်မားမားဘဝကို ပိုင်ဆိုင်ချင်ကြသလား။ ဘဝမြင့်မားသူဖြစ်ချင်သလား။

အဖြေကတော့ ရှင်းပါတယ်။ မြင့်မားတဲ့ဘဝကို ပိုင်ဆိုင်ချင်ရင် မြင့်မားတဲ့စိတ်ကို မွေးမြူကြရမယ်။ စိတ်ဓာတ်တွေ မြင့်မားရမယ်ပေါ့ကွယ်။ စိတ်ဓာတ်မြင့်မားရမယ်ဆိုတော့ စိတ်ဓာတ်ကို ဟိမဝန္တာတောင်ထိပ်ပေါ် သွားတင်ထားရမှာလားလို့ မေးစရာရှိတယ်။ ကတ်တီးကတ်ဖဲ့အတွေးသမားတွေက မေးနိုင်ပါတယ်။ တကယ်တော့ စိတ်ဓာတ်ကို ကောင်းကင်ယံမှာ မြှင့်တင်ထားရမယ်လို့ ဆိုချင်တယ်။



မောင်တို့ မယ်တို့ စွန်လွှတ်တာကို တွေ့ဖူးကြတယ် မဟုတ်လား။

စွန်လွှတ်တယ်ဆိုတာ စွန်ကို ကောင်းကင်လေမိအောင် လွှတ်တင်တာပဲလေ။ အဲဒီလိုပဲ မိမိရဲ့ စိတ်ဓာတ်ကို စွန်လွှတ်သလို တဖြည်းဖြည်း ကောင်းကင်ပေါ်ကို လွှတ်တင်ရမယ်ဆိုတဲ့သဘောပါပဲ။ စိတ်ဓာတ်ကို မြင့်မားအောင် လွှင့်တင်ပြီးပြီဆိုရင်ဘဝဟာလည်း မြင့်မားလာတော့မှာပေါ့ကွယ်။

မိမိမှာရှိတဲ့ ငုပ်လျှိုးနေတဲ့စွမ်းအားတွေကို ဖော်ထုတ်နိုင်စွမ်းရှိတာနဲ့ ဖော်ထုတ်နိုင်စွမ်းမရှိတာတွေအပေါ်မူတည်ပြီး ဘဝဖြတ်သန်းမှုတစ်လျှောက် ကွာခြားသွားကြရတာ။

အဲဒီစွမ်းအားတွေ စွမ်းရည်တွေကို စနစ်တကျအသုံးချတတ်သူနဲ့ အသုံးမချတတ်တဲ့သူတို့ရဲ့ ဘဝတွေ ကွာခြားသွားကြရတယ်။ စွမ်းရည်တွေကို အကောင်းဆုံးစနစ်တကျ အသုံးချတတ်သူဟာ သူ့ဘဝကို မြင့်မားအောင် ထူထောင်နိုင်တယ်။ စိတ်ပိုင်းရော ရုပ်ပိုင်းပါ နှစ်ရပ်စလုံးချမ်းသာမယ်။ ကြွယ်ဝမယ်။ စနစ်တကျအသုံးမချနိုင်တဲ့သူဟာ သူ့မှာစွမ်းရည်ရှိပေမယ့် သာမန်ဘဝလောက်နဲ့ပဲ ကျေနပ်နေရလိမ့်မယ်။

ပင်ကိုစွမ်းရည်တွေကို ဖော်ထုတ်အသုံးချနိုင်အောင် ပညာလိုအပ်တယ်။ တွေးခေါ်မြော်မြင်နိုင်စွမ်းတဲ့ပညာ လိုအပ်တယ်။ ဒီပညာတွေရရှိဖို့ ငယ်ရွယ်စဉ်မှာပညာသင်ရမယ်။ ကျောင်းသင်ပညာရေးဟာ အခြေခံကျပြီး လူ့ဘဝမှာ အကျိုးပြုတာအမှန်ပါပဲ။ ဒါပေမဲ့ စာသင်ခန်းက သင်ကြားပေးလိုက်တာနဲ့တော့ ရပ်တန့်မနေရဘူး။ လုံလောက်ပြီလို့ထင်ပြီးလည်း ဘဝင်မမြင့်ရဘူး။ မြစ်ပြင်ကို အလျားလိုက်ကူးသလို ရှည်ရှည်လျားလျား မရပ်မနားအဝေးကြီးကူးရမယ်လို့ ခံယူထားရမယ်။ ပြီးတော့ ပြင်ပစာပေတွေဖတ်ရှုရမယ်။

ဒါတင်မကပြန်ဘူး၊ တွေးခေါ်မြော်မြင်နိုင်ရမယ်။

စာဖတ်တာဟာ ကောင်းပါတယ်။ စာမဖတ်ဘဲနေတာထက် စာဖတ်တာက အကျိုးရှိတယ်။ နည်းနည်းဖတ်တာထက် များများဖတ်တာက ပိုပြီး တိုးတက်စေတယ်။ စာဖတ်ရုံသက်သက်နဲ့တော့ သိပ်ပြီးမထိရောက်သေးဘူး။ စာဖတ်ရမယ့်အပြင် ကြံဆရမယ်၊ တွေးတောရမယ်၊ စဉ်းစားရမယ်။

ဖတ်ရတာတွေကိုလည်း အကုန်လုံးမယုံလေနဲ့။ တွေးခေါ်မြော်မြင်ကြည့်ရမယ်။ ကိုယ်ပိုင်ဉာဏ်သုံးပြီးလို့ မှတ်သားဖူးပါတယ်။

ဘယ်လိုအလုပ်မျိုးပဲလုပ်နေလုပ်နေ စိတ်ကောင်းစေတနာကောင်းနဲ့လုပ်ပါ။ နောက်ပြီး ကိုယ်လုပ်ခွင့်ရတဲ့အလုပ်ကို မြတ်မြတ်နိုးနိုးနဲ့ ပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်သာသာ၊ သပ်ရပ်သန့်ရှင်းစွာလုပ်နေမယ်ဆိုရင် အောင်မြင်မှုဆိုတာ လက်တစ်ကမ်းမှာပါပဲ။ နေ့စဉ်လုပ်ငန်းဆောင်တာတိုင်းဟာ ဘဝအောင်မြင်မှုကို သက်ရောက်စေတာပါပဲ။ နေ့သစ်တွေတိုင်းဟာ အောင်မြင်မှုတွေကို ဖန်တီးယူရာအချိန်ကောင်းတွေပဲပေါ့။ အောင်မြင်မလား၊ ကျဆုံးမလားဆိုတာ မိမိရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာတွေ၊ လုပ်ပုံကိုင်ပုံတွေနဲ့ အချိုးကျဆက်နွှယ်နေတာပေါ့။ အောင်မြင်မှုအခွင့်အလမ်းတွေရရှိဖို့ဆိုရင် ပေးဆပ်ရပါလိမ့်မယ်။ ဘယ်အရာမှ အလကားမရနိုင်ပါဘူး။ တန်ရာတန်ကြေးကို မုချပေးဆပ်ရမှာပါပဲ။ မတွန့်တိုနဲ့၊ အချောင်မခိုဖို့တော့လိုတယ်။

ရရှိလာတဲ့အခွင့်အလမ်းတွေနဲ့ ဘဝအောင်မြင်မှုရရှိအောင်လည်း တည်ဆောက်နိုင်ရမယ်။

ဘဝမှာအောင်မြင်ချင်တယ်၊ အောင်မြင်မှုရချင်တယ်ဆိုရင် လူမှုဆက်ဆံရေး ကောင်းမွန်မှုရှိရမယ်။ မေတ္တာကိုရှေးရှုပါ။ လူတစ်ဦးချင်းစီကို စိတ်ဝင်စားပါ။ မေတ္တာရရှိအောင် နေထိုင်ပြုမူပါ။ နာမည်တွေကိုမှတ်စုနဲ့ မှတ်သားထားပြီး အလွတ်ရရှိနေအောင် ကျက်မှတ်ပါ။ နာမည်ခေါ်ပြီး နှုတ်ဆက်ပါ။ နာမည်ခေါ်ပြီး စကားပြောပါ။ မိမိနာမည်အခေါ်ခံရတာ၊ မိမိနာမည်ကိုတကူးတကခေါ်ပြီးစကားပြောတာကို ခံရတဲ့အခါ လူတိုင်းကနားဝင်ချိုပါတယ်။ နှစ်သက်ကြပါတယ်။ သူတစ်ပါးကို ကိုယ်ချင်းစာပါ။ ကြင်နာဖေးမပါ။ ဦးစားပေးပါ။ ကူညီပေးပါ။ ကိုယ်ကိုယ်တိုင်ကလည်း သည်းခံပါ၊ ခွင့်လွှတ်ပါ၊ အနစ်နာခံပါ၊ စိတ်ကောင်းထားပါ၊ စေတနာကောင်း ထားရှိပါ၊ မနောဖြူပါစေ။

မောင်တို့မယ်တို့ဟာ အောင်မြင်မှုရရှိဖို့အတွက်ပဲဖြစ်ဖြစ်၊ အခွင့်အလမ်းကောင်းတွေ ရရှိရေးအတွက်ပဲဖြစ်ဖြစ် ဘဝအောင်မြင်ရေးနည်းနာတွေကို အသေအချာလေ့လာ လိုက်နာကျင့်ဆောင်ရမှာပေါ့ကွယ်။

အဲဒါကြောင့် နေ့စဉ်တိုးတက်ဖို့ အာရုံစိုက်ပါ။ ရတဲ့အချိန်တိုင်းကို တန်ဖိုးရှိရှိအသုံးချပါ။ အချိန်ကို အသေအချာစီမံခန့်ခွဲပါ။ ဦးစားပေးရွေးချယ်ပြီး အထိုက်တန်ဆုံးအလုပ်တွေကို လုပ်ပါ။ အချိန်ကို သုံးပါ။ မဖြုန်းပါနဲ့။ မျက်စိဖွင့် နားစွင့်ထားပါ။ စာဖတ်ပါ။ သတင်းစာဖတ်ပါ။ ရေဒီယိုနားထောင်ပါ။ ကိုယ်နဲ့သင့်တော်မယ့်တစ်ခုခုကို ဆက်လက်သင်ယူနေပါ။ လောကကို အမြင်ကျယ်ကျယ်ကြည့်မြင်ပါ။

အောင်မြင်ရေးနည်းနာတွေကို ကြိုးစားလိုက်နာလုပ်ဆောင်မယ်ဆိုရင် အောင်မြင်မှုအတွက် အခွင့်အလမ်းတွေရပြီပေါ့။ အခွင့်အလမ်းသာရပြီဆိုရင်တော့ ဆန္ဒရှိနေတဲ့ရည်မှန်းချက်ပြည့်ပြီပေါ့။

အဲဒီလိုသာ စိတ်ရောကိုယ်ပါပြုမူ၊ ကျင့်ဆောင်ကြမယ်ဆိုရင် ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်တွေနဲ့ မောင်တို့ မယ်တို့သာမက လူတိုင်းလူတိုင်းအတွက် နေရာတိုင်း၊ အချိန်တိုင်းမှာ အခွင့်အလမ်းတွေ အသင့်ရှိနေမှာပါပဲ။

မောင်တို့ မယ်တို့အတွက် အခွင့်အလမ်းတွေ ရရှိလာမှာ မလွဲကေန်ပဲပေါ့ကွယ်။ ။

# အကျင့်ဆိုးများကို ပိုမိုထိရောက်သောအကျင့်ဖြင့် အစားထိုးပါ

အောင်မြတ်စည်သူ

စိတ်ပိုင်းဆိုင်ရာ အနေအထားအရ အကျင့်ဆိုးများဖြင့် ချုပ်ထိန်းခံရသောအခါတွင် စိတ်ဆောင်အထမြောက် အောင်မြင်အောင် ဆောင်ရွက်ရန် ပိုမိုခက်ခဲတတ်သည်။ ကျွန်တော်တို့ အကျင့်ဆိုးများကို တရွတ်တိုက်ဆွဲလျက် ကျွန်တော်တို့ လိုလားသောဘဝသို့ လှမ်းနေမှုအကြောင်းကို စတော့ရော့ခ်တေးဂီတအဖွဲ့ ဒယ်လ်အာမီတြီ၏ တေးသီချင်းတွင် အောက်ပါအတိုင်းရေးသားခဲ့သည်။

"ဘရိတ်နင်းလျက် ကားမောင်းရသလိုပဲ.. ဘွတ်ဖိနပ်စီးလျက် ရေကူးရသလိုပဲ"

သို့သော် ဤနေရာတွင် အခက်အခဲတစ်ခုရှိသည်။ ထိုအချက်ကား အကျင့်ဆိုးများကို အလွယ်တကူဖျောက်၍မရခြင်းပင်ဖြစ်သည်။ ယင်းကို ပထုတ်၊ ပယ်ထုတ်၊ ရှင်းထုတ်၍မရချေ။ အကျင့်ဆိုးကို ဖျောက်ရန် ဆက်လက်ကြိုးစားနေကြရသော လူသန်းပေါင်းများစွာကို မေးကြည့်ပါ။ ယင်းတို့သည် ရစ်ချတ်ဘရူးတီဂန်ပြောသကဲ့သို့ ပြဒါးကို ကောက်ဆွဖြင့်ကော်ရန် ကြိုးစားသကဲ့သို့ ဖြစ်ပေမည်။ ကျွန်တော်တို့၏ အကျင့်ဆိုးများသည် အကြောင်းအကျိုး ညီညွတ်စွာသက်ဝင်ရပ်တည်နေသည်။ ယင်းတို့သည် ကျွန်တော်တို့အတွက် တစ်စုံတစ်ရာ ဆောင်ရွက်ရန်တည်ရှိနေသည်။ ထိုတစ်စုံတစ်ရာသည် ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ဖျက်ဆီးကိန်းဆိုက်စေလျှင်ပင် ထိုတစ်စုံတစ်ရာကို ဖြစ်ထွန်းစေရန် တည်ရှိနေသည်။ စိတ်သန္တာန် အတွင်းနက်နက်တွင်မူ အကျင့်ဆိုးသည်ပင်လျှင် ကျွန်တော်တို့ကို ပိုကောင်းစွာ လည်ပတ်စေရန် ကြိုးစားပေးနေသည်။

စီးကရက်စွဲသူများသည် စီးကရက်စွဲနေသည့်တိုင်အောင် အကျိုးပြုတစ်ခုခုပြုလုပ်ရန် ကြိုးစားနေခြင်းဖြစ်သည်။ အသက်ကို ပြင်းပြင်းရှူရန်နှင့် စိတ်ဖြေလျှော့ရန် ကြိုးစားခြင်းဖြစ်နိုင်သည်။ စိတ်ဖိစီးမှုကို ထိန်းသိမ်းရန် ထိုသို့သော အသက်ရှူမှုမျိုး လိုအပ်သည်။ ထို့ကြောင့် စီးကရက်သောက်ခြင်းသည် တစ်နည်းအားဖြင့် သူတို့ကိုယ်သူတို့ ပို၍ကောင်းအောင် ဆောင်ရွက်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ အကျင့်ဆိုးများက ထိုသို့ဖြစ်သည်။ ယင်းတို့သည် အကျိုးအမြတ်မြင်တွေ့မှုအပေါ် အခြေခံသည်။ ထို့ကြောင့် ယင်းတို့ကို ရှင်းထုတ်ပစ်ရန် ခက်ခဲလှသည်။

ထို့ကြောင့် အကျင့်များကို အသွင်မပြောင်းနိုင်မီ ယင်းတို့ကို လေးစားနားလည်ရန် လိုအပ်သည်။ အကျင့်ကိုဖန်တီးခဲ့သောအရာအပေါ် တည်ဆောက်မှုပြုရမည်။ ကျွန်တော်တို့သည် အကျင့်ကို မောင်းနှင်သော အကျိုးပြုလှုံ့ဆော်စိတ်သို့သွား၍ အကျင့်ကို ဆိုးရာမှ ကောင်းရာတစ်ခုအဖြစ်သို့ ကြီးထွားစေရန် တိုးချဲ့မှုပြုရမည်။

အရက်သေစာ သောက်စားခြင်းကို သာဓကအဖြစ်ကြည့်ကြစို့။ ကျွန်တော်တို့သည် တစ်ခါက အချိန်ပြည့်အရက်မူးနေတတ်ပြီး ယခုအချိန်ပြည့် အကောင်းပကတိဖြစ်နေသူများကို သိသည်။ သူတို့ မည်သို့မည်ပုံ ပြောင်းလဲမှုပြုလာခဲ့ပါသနည်း။ သူတို့ အရက်သောက်သည့်အကျင့် ပျောက်သွားခဲ့သည်ဟုပင် ကျွန်တော်တို့မဆိုနိုင်ပါသလား။ မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သိသော အရက်ပြတ်သွားသူ တစ်ဦးမကျန်သည် ယင်းတို့၏ သောက်စားမှုကို တခြားအရာတစ်ခုဖြင့် အစားထိုးခဲ့ကြသည်။

ကျွန်တော်တို့၏ ရဲရင့်မှု၊ အပန်းဖြေမှုနှင့် စိတ်ဓာတ်တက်ကြွမှုတို့ကို အရက်တစ်ပုလင်းမှ ယူခြင်းသည် အလွန်ပင်ထိခိုက်မှုဖြစ်စေသော အကျင့်ဖြစ်သည်။ သို့သော် ယင်းကို ချေမှုန်းပစ်ရန် ရှင်းရှင်းကြိုးပမ်းခြင်းသည် ပို၍ဆိုးရွားသောပြဿနာများသို့ ဦးတည်သည်။ လက်တုန်ခြေတုန်ဖြစ်သည်။ ကြောက်လန့်မှု၊ ကြောက်ရွံ့မှု၊ သံသယစိတ်တို့ ဖြစ်စေသည်။ အကြွင်းမဲ့ဟာလာဟင်းလင်းဖြစ်စေသည်။

Alcoholics Anonymous အရက်ဖြတ်အဖွဲ့ဝင်များကမူ သူတို့ တစ်ခါက အရက်ပုလင်းထဲမှ ရရှိခဲ့သောရဲရင့်မှုအတုကို အရက်ဖြတ်အဖွဲ့၏ အစည်းအဝေးခန်းများတွင် ရှာတွေ့သော အစစ်အမှန်ရဲရင့်မှုဖြင့် အစားထိုးမှုပြုသည်။ ယခင်က အရက်တစ်ခွက်တွင် ရှာတွေ့ခဲ့သော အတုအယောင်တက်ကြွထက်သန်စိတ်ကို အသိဉာဏ်ပွင့်လန်းရေးသို့ ၁၂ လှမ်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် ရှာတွေ့သော စစ်မှန်နက်ရှိုင်းသည့် ကိုယ်ရေးစိတ်ဓာတ်ဖြင့် အစားထိုးမှုပြုလာသည်။ အရက်သမားက အရက်ဆိုင်တွင် ဖွဲ့သောအပေါင်းအသင်း ယံကြော အလွန်ပင်လှိုက်လှဲသော ဆက်ဆံရေးကို အစစ်အမှန်ခင်မင်မှုက အစားထိုးလာသည်။

အစားထိုးမှုသည် အလုပ်ဖြစ်သောကြောင့် အင်အားကြီးမားသည်။ အကျင့်ဆိုးနှင့် ပတ်သက်လာလျှင် ယင်းသည် အလုပ်ဖြစ်သော တစ်ခုတည်းသောအရာဖြစ်သည်။ ကျွန်တော်သည် စီးကရက်ဖြတ်ရန် မရည်ရွယ်ပါဘဲ စီးကရက်ဖြတ်ခဲ့သူများကို သိသည်။ သူတို့သည် အပြေး (သို့မဟုတ်) ပုံမှန် အရေးဗစ်ကဲ့သို့သော လေ့ကျင့်ခန်းများပြုလုပ်ပြီး မကြာမီကာလတွင် လေ့ကျင့်ခန်းများမှ သူတို့ရရှိနေသော အသက်ရှူမှုနှင့် အပန်းဖြေမှုသည် စီးကရက်သောက်ခြင်းကို မကောင်းသောအရာအဖြစ် ခန္ဓာကိုယ်ကို ခံစားမိစေသည်။ သူတို့သည် အစားထိုးမှုတစ်ရပ် ပြုနိုင်ပါသောကြောင့် စီးကရက်ပြတ်ကုန်သည်။

အစားရှောင်၊ အစားစောင့်စည်းသူများသည်လည်း အလားတူအတွေ့အကြုံရရှိသည်။ အဆီတိုးစေသောအစားအစာများကို ရှောင်ရှားခြင်းက အလုပ်ဖြစ်သည်မဟုတ်ချေ။ အရသာရှိသော၊ ကျန်းမာစေသော ပုံမှန်အစားအသောက်ကို မှီဝဲရခြင်းက အလုပ်ဖြစ်စေသည်။ ယင်းသည် အစားထိုးချက်ပင် ဖြစ်သည်။

မသိစိတ်အရမူ သင့်အကျင့်ဆိုးများ ဆိုးသည်ဟု သင် မထင်ချေ။ ထိုသို့ မသိခြင်းမှာလည်း ယင်းတို့သည် လိုအပ်သည်ဟု ယူဆချက်တစ်ခုကို ဖြည့်ဆည်းပေးနေ၍ဖြစ်သည်။ ထို့ကြောင့် သင့်ကိုယ်သင်အားအင်ဖြည့်ဆည်းရန် နည်းလမ်းတစ်ရပ်ကား လိုအပ်ချက်ကိုဖော်ထုတ်ပြီး ယင်းကို ဂုဏ်ပြုရန်ဖြစ်သည်။ လက်ရှိအကျင့်ကို ပို၍ကျန်းမာပြီး ပို၍ထိရောက်မှုရှိသောအကျင့်ဖြင့် အစားထိုးခြင်းဖြင့် လိုအပ်ချက်ကို ဂုဏ်ပြုပါ။ အကျင့်တစ်ခုကို အစားထိုးပါ။ မကြာမီကာလတွင် သင်သည် နောက်ထပ်အကျင့်တစ်ခုကို အစားထိုးလိုစိတ်ရှိလာမည်။ ။

## ဆိပ်ဖြူမြို့နယ်၌ မိုးကြက်သွန်နီ စိုက်ပျိုးတောင်သူများ အကျိုးအမြတ်များစွာရရှိ

ဆိပ်ဖြူ ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ နိုဝင်ဘာလဆန်းမှစ၍ (ဥစိုက်) မိုးကြက်သွန်နီများ စတင်တူးဖော်နေပြီဖြစ်ကြောင်း၊ နှစ်စဉ်စိုက်ဧက ၇၀၀ မှ ၁၀၀၀ ခန့် စိုက်ပျိုးကြောင်း၊ ယခုနှစ်တွင် စိုက်ဧက ၁၀၀၀ စိုက်ပျိုးထားပြီး တစ်ဧကပျမ်းမျှပိဿာ ၃၀၀၀ မှ ၄၀၀၀ အထိ ထွက်ရှိကြောင်း၊ ကြက်သွန်နီသီးနှံကို ဒေသစီးပွားအဖြစ် အဓိက စိုက်ပျိုးသော ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက်၌ မိုးကြက်သွန်နီစိုက်ဧက ၅၀ ခန့် စိုက်ပျိုးကြောင်း သိရသည်။

သီးနှံပေါ်စ ဒီဇင်ဘာလတွင်ဒေသတွင်းဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဈေးကျပ် ၂၉၅၀ မှ အနိမ့်ဈေး ငွေကျပ် ၁၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ဇန်နဝါရီလဆန်းပိုင်းတွင် တစ်ပိဿာလျှင် အမြင့်ဈေး ငွေကျပ်၂၃၀၀ မှ အနိမ့်ဈေး ငွေကျပ် ၁၁၀၀ ပေါက်ဈေးရှိကြောင်း၊ ယခင်နှစ် မိုးကြက်သွန်နီပေါ်ချိန်တွင် တစ်ပိဿာလျှင် အမြင့်ဆုံးဈေး ငွေကျပ်



(၇၀၀၊ ၆၀၀၊ ၅၀၀) ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

တစ်ဧက စုစုပေါင်း ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀ အထိ ကုန်ကျကြောင်း၊ ဒေသပေါက်ဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ဖြင့် ရောင်းချခဲ့ရ၍ တစ်ဧက အထွက်နှုန်းပိဿာ ၃၈၀၀ ဖြင့် တွက်ချက်ပါက တစ်ဧကဝင်ငွေကျပ်သိန်း ၈၀ ခန့် ရရှိပြီး အကျိုးအမြတ် ငွေကျပ် သိန်း ၅၀ ခန့်ရရှိသဖြင့် ယခုနှစ်တွင် မိုးကြက်သွန်နီ ဈေးကောင်း၍ ကြက်သွန်နီစိုက်ပျိုးတောင်သူများ အကျိုးအမြတ်များစွာ ရရှိကြောင်း သိရသည်။

**DOCA(မကွေး)**

## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်

တာချီလိတ် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသထွက် လက်ဖက်ခြောက်ကို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(e – Form D)ဖြင့် တင်ပို့လျက်ရှိသည်။ ဇန်နဝါရီ ၁ ရက်မှ ၂၁ ရက်အထိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် လက်ဖက်ခြောက်တင်ပို့နိုင်မှုမှာ ၁၇ ဒသမ ၃၂၅ တန်ဖြစ်သည်။ ထို့ပြင် ဒေသထွက် လိမ္မော်သီးများနှင့် ပုစွန်ဖွဲတို့ကိုလည်း တင်ပို့လျက်ရှိသည်။ ကုန်သွယ်ရေးလမ်းကြောင်းမှာ ကောင်းမွန်တည်ငြိမ်မှုရှိသည်။ ဇန်နဝါရီ ၁ ရက်မှ ၂၁ ရက်အထိ ကုန်သွယ်မှုတန်ဖိုး အနေဖြင့်အမေရိကန်ဒေါ်လာ လေးသန်းကျော် ဆောင်ရွက်နိုင်ခဲ့သည်။

### တင်သွင်းလျက်ရှိ

တာချီလိတ်ဒေသတွင် တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ထိုင်းနိုင်ငံမှ ဘိလပ်မြေများကို ဒေသတွင်းသုံးစွဲရန် တင်သွင်းလျက်ရှိသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအတွက် လည်းကောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့မြန်ဆန်စေရေးအတွက် လည်းကောင်း စက်သုံးဆီများကိုလည်း နေ့စဉ်တင်သွင်းလျက်ရှိသည်။ ဇန်နဝါရီ ၁ ရက်မှ ၂၁ ရက်အထိ ဘိလပ်မြေတန်ချိန် ၁၅၁၀၂ ဒသမ ၄ တန်နှင့် စက်သုံးဆီ ၁၁၃၂၁ BBL တင်သွင်းဆောင်ရွက်ခဲ့သည်။

တစ်ဖက်တွင်လည်း ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ မဲခေါင်မြစ်ကြောင်းအတိုင်း ရေယာဉ်များဖြင့် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## Showcasing Successful Business Model of Young Entrepreneurs in ASEAN and Japan အွန်လိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြု စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်မည်

နေပြည်တော် ဇန်နဝါရီ ၂၃

အာဆီယံ–ဂျပန်စင်တာ(AJC) မှ ကြီးမှူး၍ "Showcasing Successful Business Model of Young Entrepreneurs in ASEAN and Japan" အွန်လိုင်းအစီအစဉ်ကို လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား မိမိတို့၏ စီးပွားရေးအတွေးအခေါ်သစ်များကို မျှဝေရန်၊ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန်နှင့် ဂျပန်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ရည်ရွယ်၍ ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အစီအစဉ်ကို ဇန်နဝါရီ ၂၆ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ Customizable Software Development နှင့် Tradi–tional Weaving Culture လုပ်ငန်းတို့မှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင် နှစ်ဦးသည် အာဆီယံနှင့် ဂျပန်နိုင်ငံမှ လူငယ်လုပ်ငန်းရှင်များနှင့်အတူ ပါဝင်တက်ရောက်၍ မိမိတို့၏အောင်မြင်သော Business Model များအကြောင်းကို ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအွန်လိုင်းအစီအစဉ်တွင် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဒိုင်လူကြီး သုံးဦးနှင့် ပါဝင်တက်ရောက်သူ ၁၀၀ ခန့်က ဆုရရှိသူ ငါးဦးအား မဲပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## UP Global Investor Summit & Trade Show 2023 ပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းများ ပါဝင်ပြသရန် ဖိတ်ကြား

နေပြည်တော် ဇန်နဝါရီ ၂၃

အိန္ဒိယသမ္မတနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်အစိုးရ၏ စီစဉ်မှုဖြင့် လပ်နောင်းမြို့၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အတွင်း ကျင်းပမည့် ဒုတိယအကြိမ်မြောက် UP Global Investors Summit and Trade Show 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

ဒုတိယအကြိမ်မြောက် UP Global Investors Summit and Trade Show 2023 တွင် ကမ္ဘာ့စုံမှ ပြခန်းများ၌ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို ပြသမည်ဖြစ်ရာ ကမ္ဘာ့အလိုက်မှ ကုမ္ပဏီများနှင့် ရောင်းသူ/ဝယ်သူ ထိတွေ့နိုင်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးနှင့် ပြပွဲတွင် ကုန်စည်ပြပွဲသည် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိပြီး ပြခန်းများပါဝင်ပြသခြင်း၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ပါဝင်ပြသမည်ဆိုပါက ပြခန်းကုန်ကျစရိတ်များ ကျခံပြသရမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ဖုန်း ၀၆၇–၄၀၈၆၂၂၊ ၀၆၇–၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကယားပြည်နယ်၌ နေကြာစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

လွိုင်ကော် ဇန်နဝါရီ ၂၃

ကယားပြည်နယ်၌ မိုးနေကြာနှင့် ဆောင်းနေကြာဟူ၍ စိုက်ပျိုးကြပြီး စားသုံးဆီဖူလုံရန်အတွက် ဆီထွက်သီးနှံဖြစ်သော မြေပဲနှင့် နှမ်းများကို စိုက်ပျိုးကြသည့်အပြင် နေကြာသီးနှံများကိုပါ စိုက်ပျိုးလာကြကြောင်း သိရသည်။ နေကြာသီးနှံမျိုးစေ့များဖြစ်သော ရေဆင်းစပ်မျိုးနေကြာနှင့် ဆင်းရွှေကြာ–၂ များကို စိုက်ပျိုးကြကြောင်း၊ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် ကယားပြည်နယ်၌ မိုးနေကြာ စိုက်ဧက ၉၄၄ ဧကရှိပြီး ရိတ်သိမ်းဧက ၉၄၄ ဧက ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ ဆောင်းနေကြာများကို လွိုင်ကော်ခရိုင်တွင် စိုက်ဧက ၂၇၅၉ ဧကခန့်၊ ဘောလခဲခရိုင်တွင် ၈၅၃ ဧက ခန့်စိုက်ပျိုးခဲ့ပြီး ဘောလခဲခရိုင်တွင် ၁၅ ဧကခန့် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

နေကြာစိုက်ပျိုးထုတ်လုပ်မှုနှင့် နေကြာစိုက်ပျိုးထုတ်လုပ်နိုင်ရန် တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော နေကြာစေ့များကို ဒေသတွင်းကြိတ်ခွဲရောင်းချလျက်ရှိကြောင်း၊ နေကြာဆီကြိတ်ခွဲထုတ်လုပ်ရာတွင် နေကြာတစ်တင်းလျှင် နေကြာဆီ ၂ ပိဿာ ၅၀ ကျပ်သားခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့် ဒေသတွင်း ရောင်းချလျက်ရှိကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ၃၁ တင်းခန့် ထွက်ရှိပြီး စုစုပေါင်း ကုန်ကျစရိတ်ငွေကျပ် သုံးသိန်းခန့်ကုန်ကျကြောင်း၊ နေကြာစေ့တစ်တင်းလျှင် ငွေကျပ် ၂၇၀၀၀ ပေါက်ဈေးရှိရာ ဝင်ငွေအားဖြင့် ငွေကျပ် ၈၃၇၀၀၀ ရရှိပြီး တစ်ဧကအကျိုးအမြတ် ငွေကျပ် ၅၃၇၀၀၀ ရရှိကြောင်း သိရသည်။

**DOCA(ကယား)**

## ၂၃-၁-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၁၀၀ | | ၁၃၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၃၀၀ | ၁၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၀၀၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၁၇၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၈၅၀၀ | ၂၇၃၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၇၉၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၀၀ | ၂၁၀၀ | ၉၅၀၀ | ၆၁၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၃၀၀ | ၁၀၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၅၅၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၆၈၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၀၀၀ | ၂၁၀၀ | ၁၂၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၃၇၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၆ | ဘားအံ | ၂၀၀၀ | | ၁၂၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၀၃၀၀၀ |
| ၇ | မော်လမြိုင် | ၁၇၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၆၀၀၀၀ |
| ၈ | ထားဝယ် | ၂၂၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၁၇၃၀၀ | ၃၅၀၀ | ၄၆၀၀ | ၄၅၀၀ | ၄၁၀၀ | ၁၈၀၀ | ၆၀၀ | ၆၂၀၀ | ၄၇၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၇၉၇၀၀၀ |
| ၉ | မြိတ် | ၂၂၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၅၈၀၀ | ၅၃၀၀ | ၄၆၀၀ | ၂၅၀၀ | ၈၀၀ | ၆၇၀၀ | ၄၆၀၀ | ၄၈၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၈၂၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၁၈၀၀ | | ၁၄၀၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၁၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၂၀၀ | ၆၀၀ | ၈၀၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၉၀၀၀၀ |
| ၁၃ | ဟားခါး | ၂၈၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၄၀၀ | | ၁၀၀၀၀ | ၆၁၅၀ | ၁၉၀၀၀ | ၂၆၀၀ | ၃၅၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၂၀၀ | ၆၄၀၀ | ၅၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၉၇၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၂၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၀၀၀ | ၅၅၀၀ | ၄၃၀၀ | ၂၄၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၇၈၀၀၀၀ |
| ၁၇ | မကွေး | ၂၄၀၀ | | ၁၀၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၁၃၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၃၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၃၀၀၀၀ |
| ၁၉ | ပဲခူး | ၂၀၀၀ | | ၁၂၅၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၃၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၃၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀ | ၄၄၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၂၀၀ | ၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၆၉၉၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၄၀၀ | ၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၆၉၉၀၀၀ |
| ၂၂ | ကလေး | ၂၂၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၆၀၀ | | ၃၀၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၉၅၀၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် မန္တလေးတွင် ၁၅၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ မြိတ်တွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ပုသိမ်တွင် ၈၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ မုံရွာတွင် ၇၀၀ ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၁၀၀၀ကျပ်၊ နေပြည်တော်တွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ၄၀၀ကျပ်၊ မုံရွာတွင် ၅၀ကျပ်၊ ပဲခူးတွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ မကွေးတွင် ၄၀၀ကျပ် ဈေးကျခဲ့ပါသည်။

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ရပ်(၈)၊ ရွာမတောင်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၅၀)၊ မြေကွက်အမှတ်(၉၄A)၊ မြေဧရိယာ(၀.၂၈၇၃)ဧကရှိမြေကို ဦးဇော်လွင်အမည်ဖြင့် သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားကြောင်း မြို့မ(၄)ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်-

- အရှေ့ဘက် -ဦးပိုင်အမှတ်(၅၀က)
- အနောက်ဘက် -တောင်စက်ရုံလမ်း
- မြောက်ဘက် -ဦးပိုင်အမှတ်(၅၁)
- တောင်ဘက် -မြေကွက်အမှတ်(-)

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်းဖြစ်ပါသည်။

ယခုမြေကွက်ကို မြေငှားဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူမည်သူမဆိုအား သိစေလိုက်သည်မှာ မြေငှားဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကန့်ကွက်လွှာများကိုညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏နောက်ပိုင်းတွင် ပေးပို့သည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည် မဟုတ်။ အကယ်၍ (၄-၂-၂၀၂၃)ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက် လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကိုအဆိုပါ ဦးဇော်လွင်အား သက်တမ်းတိုး မြေငှားဂရန်ခွင့်ပြုပေးလိမ့်မည်ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လသာကျေးရွာ၊ လသာဘုန်းကြီးကျောင်းလမ်းတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော WIN LEO သောက်ရေသန့်မှ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-




အထက်ပါအမှတ်အသားကုန်အမှတ်တံဆိပ်နှင့် စာလုံးဒီဇိုင်းများကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တစ်လုံးဖြစ်စေ တစ်စိတ်တစ်ဒေသဖြစ်စေ ပုံတူပုံမှား ထင်ရောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်နိုင်မြင့်
၈/မထန(နိုင်)၀၇၆၈၇၆
ဖုန်း ၀၉ ၂၅၄၂၁၅၁၉၉

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၆)ဦးငွေမောင်+၂၏ဂရန် သက်တမ်းတိုးတွင် လျှောက်ထားသူ အမည်ဦးငွေမောင်+၂အစားဦးငွေအောင်+၂ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ပင်လုံလမ်း၊ ပင်လုံအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၀၀၅)အား အမည်ပေါက် ဒေါ်တင်တင်ယု[၁၀/သဖရ(နိုင်)၀၇၈၃၇၆]ထံမှ ဦးမောင်ပါ [၁၁/သတန(နိုင်)၀၀၂၂၅၄]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၁)ရပ်ကွက်၊ သစ္စာ(၂)လမ်း၊ အမှတ်(၁၁၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၈၁၊ မြေကွက်အမှတ်-၁၁၄၊ အကျယ်အဝန်းအားဖြင့် ပေ(၄၀x၆၀)အကျယ်ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဝင်းနိုင်အမည်ဖြင့် မှတ်သားတည်ရှိ၍ (ပါမစ်မူရင်းဘက်ခြမ်း) မြေကွက်တည်ရာဘက်မျက်နှာမူ၍ ရေတွက်လျှင် (လက်ဝဲ/ခေါင်းရင်းဘက်)(၂၀ပေx၆၀ပေ)အကျယ်ရှိ ထက်ဝက်ပိုင်ဆိုင်မှုပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိတစ်ထပ်တိုက်အဆောက်အဦ(၁)လုံး၊ ကိုယ်ပိုင်လျှပ်စစ်မီတာ(၁)လုံး၊ ရေမော်တာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးဇော်ဝင်း(ဘ) ဦးညွန့်ရွှေ[၈/နမန(နိုင်)၁၁၈၁၆၃]က မိမိတစ်ဦးတည်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက (၂၂-၁-၂၀၂၃)ရက်၌ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၂-၂-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ မူရင်းအထောက်အထားများယူလာပြီး လူကိုယ်တိုင်လာရောက်၍ အားမနာတမ်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။

**ဝယ်ယူသူ ဦးအုန်းညွန့်(ဘ) ဦးအေးမောင် [၁၂/သကတ(နိုင်)၀၁၅၄၀၀]၏ ညွှန်ကြားချက်အရ-**
**ဦးနေဝင်း(စဉ်-၄၉၄၃) (တရားလွှတ်တော်ရှေ့နေ)**
**တိုက်(၄၁)၊ အခန်း(ဘီ-၃)၊ ဒုတိယထပ်၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄
### ကွယ်လွန်သူ ဦးသိန်းမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်ထက်ထက်မွန် — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ရင်းတိုက်ပင်လမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသိန်းမြင့်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်ထက်ထက်မွန်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်(၁၃၈၄ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသိန်းမြင့်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟုအဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက် (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်) နံနက်(၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ထက်ထက်မွန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချ မှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၂၁၈
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅
### ကွယ်လွန်သူ ခင်ပွန်း ဦးမြင့်သန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်စန်းရီ — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ရင်းတိုက်ပင်လမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြင့်သန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်စန်းရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်၊ (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြင့်သန်း၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်၊ (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်) နံနက်(၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်စန်းရီ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ မြေကွက်အမှတ်(၇၄)၊ အကျယ်အဝန်း(၅၄၀၆ စတုရန်းပေ)၊ ဧရိယာ(၀. ၁၂၄ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၉၃)၊ အင်ကြင်းမြိုင်လမ်းသွယ်(၁)၊ (၂၃-သုဝဏ္ဏ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်အေးမာဦး (၁၂/လကန(နိုင်)၀၆၉၃၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ပင်လုံလမ်း၊ ပင်လုံအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၀၂)အား အမည်ပေါက် ဦးအောင်မြင့်[၁၂/ရကန(နိုင်)၀၅၇၂၆၃]ထံမှ ဒေါ်စမ်းစမ်းမင်း [၁၁/သတန(နိုင်)၀၀၀၂၃၄]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက် အမှတ်(၃၄၉)၊ ဧရိယာ(၀.၀၅၅ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၄၉)၊ ဧရာဝတီလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်ဆုမြတ်နိုး [၁၂/တမန(နိုင်)၁၀၇၃၁၅] ၎င်း၏ ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သန်းအေး [၁၂/တမန(နိုင်)၀၀၇၆၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၁၆၃၄၀၅**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ Diamond Condominum ရှိ တိုက်-(A)မြေညီထပ်၊ အခန်းအမှတ်-(G-02)၊ အကျယ်အဝန်း-(၁၆၁၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းအတွင်း တွယ်ကပ် တပ်ဆင်ထားသည့်ပစ္စည်းများ၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် တိုက်ခန်းနှင့်ပတ်သက်၍ ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးလက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးမွန်မွန်[၁၂/ရကန(နိုင်)၀၂၈၂၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးသီဟ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ဘွား (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၀/၂၀၁၂)**
**အမှတ်-(၄၇၅)၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၂၇၅၅၀၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၁၄၊ ဒုတိယထပ်(ဘယ်ဘက်)၊ ခေါင်းရင်းခန်း၊ (၁၅'x၅၅')ခန့်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းနွဲ့[၁၂/ပဇတ(နိုင်)၀၁၀၈၀၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့)** | **ဒေါ်ကျော့ကျော့စံ(ဥပဒေဘွဲ့)** |
| **(စဉ်-၈၇၆၂)** | **(စဉ်-၁၃၄၈၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၅၀၊ ဒုတိယထပ်၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၅၀၅၇၃၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ တစ်လက်လုပ်(အနောက်)ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၇၉)၊ ကွင်းအမည်(မအူပင်)ကွင်း၊ ဦးပိုင်အမှတ်(၁၇/၁၀၄)၊ ဧရိယာ(၀.၀၉)ဧက၊ (၃-ခ)ကျပြီး အိမ်ရာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းစာချုပ်အမှတ်(၇/၂၀၁၈)အရ တရားဝင်အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးလွင်[၁၂/ဗဟန(နိုင်)၀၉၀၁၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၈၅၅၃**

## Prince Rocco Co.,Ltd၏ ဒါရိုက်တာဦးကျော်စွာဝင်း[၁၄/ပသန(နိုင်)၂၀၂၇၈၄]နှင့် အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၆၁၄)နေ ဒေါ်မြင့်မြင့်အေး[၁၂/ဗဟန(နိုင်)၀၄၆၂၉၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်အေးသည် မိမိပိုင်ဆိုင်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်-၃၃၉ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x၆၀')ဂရန်မြေကွက်၌ (၃)ထပ်(၂)ခန်းတွဲ ရင်ခွဲတိုက်ကို(၆) လဖြင့် အပြီးဆောက်လုပ်ပေးရန် Prince Rocco Co.,Ltd၏ ဒါရိုက်တာများနှင့် ဦးကျော်စွာဝင်းတို့မှ သဘောတူညီခဲ့ကြပြီး "(၅-၂-၂၀၂၂)ရက်စွဲပါ ကန်ထရိုက်တာနှင့်မြေရှင် PAE (စနစ်ဖြင့်)(၃)ထပ်(၂)ခန်းတွဲ ရင်ခွဲတိုက်ဆောက်လုပ်ရန်လုပ်ငန်းအပ်နှံခြင်းစာချုပ်"ကို ချုပ်ဆိုခဲ့ကြပါသည်။

၃။ Prince Rocco Co.,Ltd၏ ဒါရိုက်တာများအနေဖြင့် ၅-၂-၂၀၂၂ရက်စွဲပါ စာချုပ်ရှိ နှစ်ဖက်သဘောတူညီထားသော သတ်မှတ်ပစ္စည်းများကို အသုံးပြုတပ်ဆင်ရန် ပျက်ကွက်ခဲ့ခြင်း၊ သတ်မှတ်ကာလဖြစ်သည့် (၃-၁၁-၂၀၂၂)ရက်တွင် (၃)ထပ်တိုက်အား ပြီးစီးအောင်ဆောင်ရွက်ရန်ပျက်ကွက်ခဲ့သည့်အပြင် လုပ်ငန်းခွင်မှပစ္စည်းများကို သိမ်းဆည်းပြီး အလုပ်သမားများအား ခေါ်ယူခဲ့ကာ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်မှာ ယနေ့ထိဆိုပါက (၂)လနီးပါးကြာမြင့်ပြီဖြစ်၍ ကျွန်ုပ်မိတ်ဆွေဒေါ်မြင့်မြင့်အေးအနေဖြင့် များစွာနစ်နာရပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်အေးအနေဖြင့် ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိပါ။

၄။ သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်မြင့်မြင့်အေး အနေဖြင့် Prince Rocco Co.,Ltd၏ ဒါရိုက်တာများအပေါ် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယနေ့မှစ၍ ကျွန်ုပ်မိတ်ဆွေသည် ၎င်းတို့နှင့် လုပ်ငန်းဆောင်ရွက်ခြင်းအား အပြီးအပိုင်ရပ်ဆိုင်းလိုက်ပြီဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ထဲသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်သူ မည်သူ့ကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇင်ဇာထွေးLL.B,D.B.L(Advocate)** | **ဦးထွန်းမင်းသိန်း LL.B,D.B.L(Advocate)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၁၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၈၃)** |

**တိုက်-၁၀၁၊ အခန်း(စီ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၆၇၄၇၉၀၂၄၄၊ ၀၉-၄၅၀၅၂၂၇၆၃**

## စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၆)ရှိ(၂)ခန်းတွဲ(၈)ထပ်တိုက်၏ (၄)လွှာ၊ (ခြေရင်းခန်း)၊ ပေ(၁၅ x၆၀)ခန့်ရှိ ရေ၊ မီး အစုံ ပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်စောမြတ်စိုး[၁၂/စခန(နိုင်)၀၀၀၅၅၂]ထံမှ ဒေါ်စန္ဒာရည်[၁၂/စခန(နိုင်)၀၄၃၇၂၅]+ဒေါ်သင်းသင်းရည်[၁၂/စခန(နိုင်)၀၄၃၄၁၉]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

## ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၅၈)ရှိ Hall(၈)ထပ်တိုက်၏ (၅)လွှာ (၈၅၀-Square feet)ခန့်ရှိ ရေ၊ မီး အစုံ အများသုံးဓာတ်လှေကားပါဝင်သည့် တိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းခိုင်(၇/အဖန(နိုင်)၀၆၇၃၇၂)ထံမှ ဒေါ်တင်တင်ရီ [၁၀/မလမ(နိုင်)၀၅၆၈၁၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:-09-76 777 20 99, 09-7777 97 911, 09-78 98 777 99,09- 7999 339 39,**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၂ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၈၀

PTTEP International Company Limited (၎င်း၏တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်စားလှယ်ဒေါ်အယ်လ်ဒါမိုး) (အယူခံတရားလို)

နှင့်

၁။ ဦးအောင်မျိုးမြင့်
၂။ ဦးအောင်ဖေမြင့်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးသန်းလင်းသိန်း)
၃။ ဦးထွန်းဇေယျာလတ် (၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်မို့မို့အေး)
၄။ ဦးမင်းသုဝေ (ကိုယ်တိုင်နှင့်၅၏ အခွင့်ရ ကိုယ်စားလှယ်)
၅။ ဦးနေလင်း
၆။ ဦးသန်းလင်းသိန်း
၇။ ဦးသူရအောင်
၈။ ဦးကိုင်ခိုလတ်
(အယူခံတရားပြိုင်)

၂၀၂၂ခုနှစ်၊ ဇွန်လ ၂၂ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှု-၂၁၂/၂၁အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ (၆)လွှာ၊ အခန်း(၆/၁)၊ အမှတ်(၁၈/၁၉)နေ အယူခံ တရားပြိုင်ဦးမင်းသုဝေ (ကိုယ်တိုင်နှင့် ၅တရားပြိုင်၏ အခွင့်ရကိုယ်စားလှယ်)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ (၆)လွှာ၊ အခန်း(၆/၁)၊ အမှတ်(၁၈/၁၉)နေ အယူခံတရားပြိုင် ဦးနေလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်၊ (၁၃၈၄ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ရက်နေ့)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကိုတရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၅-၁၂-၂၀၂၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၆)ဦးတင်ခိုင်လင်း၏ဂရန်သစ်တွင်လျှောက်ထားသူအမည်ဒေါ်တင်ခိုင်လင်း(၁၂/စခန(နိုင်)၀၈၄၂၂၂)ဟုအမှန်ဖတ်ရှုပါရန်။

---

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၃၂၄၊ မြေကွက်တည်နေရာ-အမှတ် (၅)၊ မြသီရိ(၃)လမ်း၊ ၃၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်တင်ဥ CA-000118)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်တင်ဥနှင့် (ခင်ပွန်း)ဖြစ်သူ ဦးပါတို့ အသီးသီးကွယ်လွန်ခဲ့ကြကြောင်း၊ ဒေါ်တင်ဥနှင့် ဦးပါတို့မှ သားသမီးအရင်းအဖြစ် ဒေါ်မြင့်မြင့်ဦး တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး အခြားသောသားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ (မိခင်)ဒေါ်မြင့်မြင့်ဦးသည် (၁၅-၇-၂၀၂၁)ရက်နေ့နှင့်(ဖခင်)ဦးစံငွေးသည် (၂၀-၂-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်မြင့်မြင့်ဦးနှင့် ဦးစံငွေးတို့မှ ဒေါ်အေးသီတာ၊ ဦးဘိုဘိုဦး၊ ဒေါ်အေးအေးခိုင်၊ ဒေါ်မော်မော်ဦးတို့ မောင်နှမ(၄)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး၊ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်း၊ ၎င်းတို့မောင်နှမ(၄)ဦးအနက် သမီး(၁)ဦးဖြစ်သူ ဒေါ်မော်မော်ဦးသည် (၁၀-၆-၂၀၂၁)ရက်နေ့တွင် မိခင်ထက်စော၍ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဦးမြတ်သူဟိန်း[၁၂/ဒဂမ(နိုင်)၀၂၅၅၄၁]မှ အမွေမမီမြစ်အဖြစ်လည်းကောင်း၊ ကျန်သားသမီးများဖြစ်သော ဒေါ်အေးသီတာ[၁၂/ဒဂန(နိုင်)၀၂၄၇၁၉]၊ ဒေါ်အေးအေးခိုင်[၁၂/ဒဂမ(နိုင်)၀၀၇၃၂၅]မှ ၎င်းကိုယ်တိုင်နှင့် ဦးဘိုဘိုဦး[၁၂/ဒဂန(နိုင်)၀၂၄၇၁၇]ထံမှ လယ်ဝေးမြို့နယ်၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၈/၂၀၂၁(၂၇-၁၂-၂၀၂၁)ဖြင့်ရယူပြီး ၎င်းတို့(၄)ဦးသာလျှင် ၎င်းတို့၏ပိုင်ဆိုင်ခွင့်အစုအသီးသီးအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (အဘွား)ဒေါ်တင်ဥ၏ သေဆုံးမှုလက်မှတ်၊ (အဘိုး)ဦးပါ၏သေဆုံးမှုလက်မှတ်၊ (မိခင်)ဒေါ်မြင့်မြင့်ဦးနှင့် (ဖခင်) ဦးစံငွေးတို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်မော်မော်ဦး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေ ငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး(Portion)(၄)ပုံ (၂)ချပ်တို့လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၂၃၀)၊ (ပထမထပ်/ဘီ)နေ ဦးကြည်ရီ+ဒေါ်တင်တင်အုန်းတို့၏သားဖြစ်သူ မောင်ကောင်းစည်သူ[၁၂/သဃက(နိုင်)၁၉၁၃၀၅]သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်ပြီး မိဘနှစ်ပါး၏နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ် မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝအား မိသားစုမှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇာကြည်မွန်(LL.B, D.I.L, WIPO)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၉)**
**အမှတ်-၂၃၂၊ (၈)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-09-420187700**

---

## ဒေါ်တင့်တင့်လွင် (၁၂/တမရ (နိုင်) ၀၀၁၂၃၈) (Tint Tint Myanmar Group of Companies) နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးသန်းဇော်မြင့်** (၁၂/သဃတ (နိုင်) ၁၀၉၁၃၂) ကိုယ်စားလှယ် ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ် ပါသည် -

(၂၅-၁၁-၂၀၂၀) ရက်နေ့က ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသန်းဇော်မြင့်ထံမှ ယုံကြည်အောင် ပြောဆို၍ လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုပြီး ဒေါ်တင့်တင့်လွင် ယူငင်သွားသော ငွေကြေး ၄၁၀၀,၀၀,၀၀၀/- (ကျပ်သိန်းလေးထောင့်တစ်ရာတိတိ) နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်မြင့်သည် စမ်းချောင်းမြို့နယ် ရဲစခန်းတွင် (ပ) ၈/ ၂၀၂၃ ရာဇသတ်ကြီးပုဒ်မ - ၄၂၀ ဖြင့် ဒေါ်တင့်တင့်လွင်အပေါ် အမှုဖွင့်လှစ်ထားပါကြောင်း ကျွန်ုပ်တို့၏ မိတ်ဆွေဦးသန်းဇော်မြင့်၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဇော်မြင့် (၁၂/သဃတ (နိုင်) ၁၀၉၁၃၂) ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသော်တာစိုး (စဉ်-၄၁၁၆) ၊** | **ဒေါ်ဇင်မာမြင့်အောင် (စဉ်-၁၆၁၁၃)** |
| **LL.B, D.B.L, D.M.L, DA (PSY)** | **LL.B** |

**ဒေါ်ဝါဝါထွန်း (စဉ်-၁၆၀၆၃) LL.B**
**တရားလွှတ်တော်ရှေ့နေများ**

ခြံအမှတ် - ၆၄ ၊ D-၄ ၊ အဝေရာအိမ်ရာ ၊ အဝေရာလမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၂၆၈၄၅ ၊ ၀၉၄၀၀၅၂၄၁၀၇

---

## ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် မော်တော်ယာဉ်သုံးအောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | 11.00 R 22.5 တာယာ | (၆၀၀) လုံး |
| (ခ) | N-200 ဘက်ထရီ | (၁၅၀) လုံး |
| (ဂ) | N-150 ဘက်ထရီ | (၁၅၀) လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းများကို (၂၄-၁-၂၀၂၃)ရက်နေ့မှစ၍ (၉:၃၀ နာရီမှ ၁၆:၃၀ နာရီ) ရုံးချိန်အတွင်း အမှတ်စဉ်(က) တာယာ(၆၀၀)လုံးအတွက် တင်ဒါပုံစံ(၁)စောင်လျှင် ငွေကျပ် ၁၀၀၀၀/-နှုန်း၊ အမှတ်စဉ်(ခ/ဂ)N-200 ဘက်ထရီနှင့် N-150 ဘက်ထရီ(၃၀၀)လုံးအတွက် တင်ဒါပုံစံ(၁)စောင်လျှင် ငွေကျပ် ၅၀၀၀/- နှုန်းဖြင့် ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YUPT Public Co.,Ltd.) အမှတ်(၂၉၆)၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာ အပြည့်အစုံကို (၂၃-၂-၂၀၂၃)ရက်နေ့ ၁၂:၀၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်းအမှတ်-၀၉-၇၈၀၁၁၁၂၂၂၊ ၀၉-၅၀၆၅၃၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၅၁၇/ဝက်ကြီးအင်းကွင်း)အတွင်းရှိ အရှေ့လားသော်-ဝက်ကြီးအင်းချောင်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးမြတ်ကို အိမ်ဝိုင်းမြေကွက်၊ မြောက်လားသော်-ဦးခင်ဇော်ဦး အိမ်ဝိုင်းမြေကွက်၊ စသည့်တည်နေရာလေးခုနှင့်ထိစပ်လျက်ရှိသော မြေအကျယ်အဝန်း (၇၅ပေ × ၆၉ပေ)၊ ရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းအိမ်ဝိုင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ရီရီစိုး(၁၃/တကန(နိုင်)၁၄၇၄၈၄)သည် "(၃-၁၀-၂၀၁၄)ရက်နေ့တွင်ချုပ်ဆိုထားသော အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအ ရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက် အရ -**

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)** |

**အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၅၄၃)၊ ဧရိယာ(၀.၀၇၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ(၃)လမ်း၊ အမှတ်(၅၄၃)ဟုခေါ်တွင်သောအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ မြေအမည်ပေါက်ဒေါ်ခင်မေခထံမှ အပြီးအပိုင်ဝယ်ယူ၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၅၂/၂၀၂၁)ကို ရရှိထားသည့် ဒေါ်မိုးမြတ်ဝင်း[၁၂/မရက(နိုင်)၀၄၄၈၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ကိုကိုဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၄)**
**တိုက်(၁)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၆၉၄၆၀၊ ၀၉-၈၆၃၀၂၁၀**

---

## "ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ မြေကွက်အမှတ်(ဘီ-၁၃၁)၊ အထူးဇုန်(၁) ညောင်နှစ်ပင်၊ ကွင်းအမှတ်(၅၁၁-ခ) နှင့် (၅၁၉-က)ရှိ ဥယျာဉ်ခြံမြေဖြစ်သည့် ညောင်နှစ်ပင်ခြံမြေ(၅)ကေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပါကြောင်း အမှုအခင်းအရှုပ်အရှင်းကင်းရှင်းလျက် အလွတ်လက်ရောက်လွှဲပြောင်း ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်အေး[၇/အတန(နိုင်)၀၃၂၂၅၇]ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းရွှေ [၈/တတက(နိုင်)၀၈၁၃၃၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ညောင်နှစ်ပင်ခြံမြေ(၅)ကေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ညောင်နှစ်ပင်ခြံမြေ(၅)ကေ၏အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုး(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၆၉)**
**အမှတ်-၃၃/၄၉၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၇၃၃၅၄၊ ၀၉-၇၉၇၈၀၀၆၇၇**

## ရောင်းချရန်ကြော်ငြာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**
**၂၀၂၂-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၄**

ဒေါ်နီလာမြင့် နှင့် ဦးသန့်ဇော်ထွန်း
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၅၁၁/၂၀၁၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီး နောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆၊ လူနေရပ်ကွက်အမှတ်-မြယမုံစမ်းရိပ်မြိုင်၊ ဘုရင့်နောင်လမ်းမကြီး၊ မြေကွက်အမှတ်-၁၂၊ အကျယ်အဝန်း(၃၄'/၅၇' x ၆၂'/၆၈') ပေရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၃)လွှာပါ အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေးကျပ်သိန်း(၄၅၀၀) (ကျပ်လေးထောင့်ငါးရာတိတိ)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီအိမ်ရာ၊ တိုက်အမှတ်(၁၂+၁)၊ အခန်းအမှတ်(၃၀၈)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော ဝါဝါဝင်း ဆောက်လုပ်ရေးမှ ဦးမြမောင်[၁၂/ဒဂန(နိုင်)၀၁၄၁၁၉]မှ ဝယ်ယူခဲ့ပြီး ၎င်းထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်တင်ထွေးရီ[၁၂/ဗဟန(နိုင်)၀၁၅၀၈၁]မှ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## (၂၈-၇-၂၀၂၂)ရက်စွဲပါ အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပထမသီရိရိပ်သာ၊ အမှတ်(၁၆၀/စီ)၊ အခန်း(၈) (ဘ) ဦးကျော်မင်းဦး၏သမီးဖြစ်သူ ဒေါ်ဖွဲလဲ့ဝေတိုး [၁၂/အလန(နိုင်)၀၄၅၄၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၂၈-၇-၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖွဲလဲ့ဝေတိုးသည် ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ အရှေ့လမ်းမတော်လမ်း၊ အမှတ်(၇)ရှိ မြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် ကန့်ကွက်ကြောင်းအများသိစေရန် ကြေညာခဲ့ပါသည်။ ယခုအခါ အမွေဆိုင်အချင်းချင်း ညှိနှိုင်းဖြေရှင်းပြေလည်မှုရရှိသွားသောကြောင့် အဆိုပါအများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၈၄)**
**Right Law Firm - အမှတ်(၁၃၃)၊ လမ်း-၃၀(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၂၇၁၈၀**

---

## မတည်ရင်းနှီးငွေလျှော့ချကြောင်း ကြေညာခြင်း

Galone Min Machinery Trading (Mdy) Co.,Ltd ၏ မတည်ရင်းနှီးငွေကျပ်သိန်း(၁၀၀၀) မှ ကျပ်သိန်း(၁၀၀)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မန်းနေးဂျင်းဒါရိုက်တာ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၂၇)၊ အခန်းအမှတ်(၁၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝေမာအေး(F/RGN-၀၁၆၁၇၁)ထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်မူမူဝင်း[၁၂/ဗတထ(နိုင်)၀၁၁၀၂၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ(၁)၊ အခန်းအမှတ်(၀၆၆)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော Sunit 10 Story Co.,Ltd ထံမှ ဒေါ်အယ်(လ်)နန်းစံ[၁၂/ရကန(နိုင်)၀၁၆၆၇၀]မှ ဝယ်ယူခဲ့ပြီး ၎င်းထံမှ အဆက်ဆက်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးစောဂျယ်ရမီဂျိမ်းစ် [၁၃/နမတ(နိုင်)၀၃၆၈၅၂]က ၎င်းအမည်ဖြင့် အမည်ပြောင်းတိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်(R4)၊ အခန်းအမှတ်(၁၀၃)ကို ဌာနနှင့်အကျိုးတူဆောင်ရွက်သော ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဒေါ်သင်းသင်းအေးကို[၉/မထလ(နိုင်)၀၂၀၁၄၅]က ဝယ်ယူခဲ့ပြီး ၎င်းထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးအေးငြိမ်း[၇/ပခန(နိုင်)၁၆၉၇၇၅]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းနှင့် ငြိမ်းချမ်းရေးရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ်(၅၅)၊ (ပထမထပ်)၊ (၁၂ပေx၅၀ပေ)ရှိ (ခေါင်းရင်းခန်း)တိုက်ခန်း ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဟန်သိန်း [၁၂/အလန(နိုင်)၀၃၁၃၀၈]မှ တစ်ဦးတည်းဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်လျက်ရှိသော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ခိုင်(ခ) ဦးအင်ပို့ LL.B** | **ဒေါ်စန်းဌေး LL.B** |
| **(စဉ်-၆၇၀၅)** | **(စဉ်-၈၄၅၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **H.P:09-966403722** | **H.P:09-950511007** |

**ရုံး-အမှတ်(၃၃/၄၉)၊ အခန်း(၃၇)၊ Strand Condo**
**မဟာဗန္ဓုလပန်းခြံအောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(B-3)၊ အခန်းအမှတ်(၈၂၀)၊ အကျယ်အဝန်း(၁၈၇၄)စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသစ္စာ [၁၂/လမန(နိုင်)၀၃၇၇၇၀၈] ထံမှ ဒေါ်ခင်ခင်ဌေး [၆/ကသန(နိုင်)၀၈၃၆၉၃]သည် အပြီးအပြတ်ဝယ်ယူရန်အတွက်တိုက်ခန်းတန်ဖိုးငွေ အပြီးပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မဒေါ်ခင်ခင်ဌေးထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းသည်ကျွန်မ ဒေါ်ခင်ခင်ဌေး တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဌေး**
**Ph:09-964428081**

---




---

## ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန(၂)လမ်း၊ တိုက်အမှတ်(၁၂၇) ဟုခေါ်တွင်သော ၂ ခန်းတွဲ ၆ ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ်(၅လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင်ညာခြမ်း)၊ အကျယ်အဝန်း(၁၈ပေ x ၅၂ပေ) ရှိ RCတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိုးဝင်း[၁၂/ဥကတ(နိုင်)၀၉၆၂၇၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ပြည့်ဖြိုး[၁၂/အစန(နိုင်)၁၉၂၅၈၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၁၃-၁-၂၀၁၉)ရက်နေ့တွင် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ရောင်းဖိုးကျန်ငွေများ ဆက်လက် ပေးချေမည်ဖြစ်ပါသောကြောင့် ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဦးမြင့်သန်း** | **ဒေါ်သီရိလှိုင်** | **ဒေါ်ဖြူဖြူထွဏ်း(အထက်တန်းရှေ့နေ)** |
| **(စဉ်-၆၉၆၃)** | **(စဉ်-၁၅၂၆၀)** | **(စဉ်-၃၂၁၅၆)** |

**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုပေးသည်။ Ph:09-5018076**
**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်-၃၇၊ ROYAL GARDEN VIEW CONDO ဟုခေါ်တွင်သည့် (၁၂)ခန်းတွဲ(၁၂)ထပ်တိုက် အဆောက်အဦမှ(၄)ထပ်၊ အခန်းအမှတ်-4/J၊ (၁၃၇၈)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေ/မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိကိုယ်တိုင်လက်ရှိထားနေထိုင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်စိုး[၁၂/သဃက(နိုင်)၀၃၃၈၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်း တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လှလှလွင်(စဉ်-၅၇၇၃)** | **ဒေါ်နွယ်နွယ်ဇင်(စဉ်-၁၅၇၂၄)** | **ဦးဝေဖြိုးကျော်(စဉ်-၁၇၀၀၅)** |
| **ဒေါ်လဲ့လဲ့ဝင်း(စဉ်-၁၄၁၃၂)** | **ဒေါ်ဝေဇင်အောင်(စဉ်-၁၆၇၀၆)** | **ဦးတင်ထွန်းမြင့်အောင်(စဉ်-၁၇၂၉၂)** |
| **ဒေါ်သန္တာမော်(စဉ်-၁၄၁၅၂)** | | **ဦးထက်ခေါင်(စဉ်-၁၇၅၆၉)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀၈/၁၁၀၊ ၃လွှာ၊ ၃၈လမ်း၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄၊ ၀၁၈-၃၈၄၇၈၃**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၄-အိုး)၊ မြေကွက်အမှတ်-(၁၅၆)အရ မြေဧရိယာ-(၀.၀၅၆)ဧကရှိ နှစ်(၉၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၃၅)၊ ၁၆၅-လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်မျိုးမြင့် (၁၂/တမန (နိုင်) ၀၄၇၈၇၀)နှင့် ဦးမျိုးသန့် (၁၂/တမန (နိုင်) ၀၅၆၂၂၇)တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးသွင်ဇာနည်ဦး(ဥပဒေတွဲ) | ဒေါ်ခိုင်ဇင်လတ်(ဥပဒေတွဲ) |
| အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၄) | အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀) |

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅။

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနော်မာ(၁)ရပ်ကွက်၊ အနော်မာ(၇)လမ်း၊ အမှတ်(၃၁၅/ခ)၊ တတိယထပ်(၄-လွှာ)၊ အကျယ်အဝန်းပေ(၁၈x၅၄)ရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးကျော်သိန်း [၁၂/ဒဂတ(နိုင်)၀၂၅၉၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာဝင်း [၆/တသန(နိုင်)၀၆၅၇၅၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုထွေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၀၀၅)**
**အမှတ်(၄၁)၊ အောင်တံခွန်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၁၇၃၁၉၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၅)၊ အိမ်တော်ရာလမ်း၊ အမှတ်(၃၄၉)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)ရှိသော နေအိမ်ခြံမြေအား ဒေါ်သိမ့်သိမ့်မျိုးအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)ဖြင့် ဒေါ်သိမ့်သိမ့်မျိုး[၁၂/မရက(နိုင်)၁၂၇၁၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမွန် [၁/မညန(နိုင်)၁၃၅၄၆၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၀)၊ ရွှေလီလမ်း၊ မြေကွက်အမှတ်(၁၂၀၄၊ ၁၂၀၅)၊ အကျယ်(၈၀ပေx၆၀ပေ)၊ နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဒေါ်သင်းသင်းယု[၁၂/သဃက(နိုင်)၀၄၉၃၆၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမြင့်ဝေ[၈/မထန(နိုင်)၀၃၉၃၂၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း(မူရင်း)များနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈ လမ်း၊ အိမ်အမှတ်(၄၀)၊ (၄လွှာ)ယာဘက်အခန်း၊ အကျယ်အဝန်း (၁၂½'x၄၃')ရှိသော တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးသန့်[၁၄/ဓနဖ(နိုင်)၀၈၇၆၅၂]ထံမှကျွန်မဒေါ်ဟေမာနိုင်[၁၀/မလမ(နိုင်)၁၄၉၈၇၆]က အပြီးပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မဒေါ်ဟေမာနိုင်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဟေမာနိုင်**

**ဖုန်း-၀၉-၅၀၆၀၁၁၀**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ်(၂၂၆)ဟုခေါ်တွင်သော ဦးတင်ဝင်းအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင်[၁၂/ဒဂတ(နိုင်)၀၄၃၀၇၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရဲရွှေ[၇/ပတန(နိုင်)၀၁၇၄၈၈]သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၂၁-၁-၂၀၂၃) ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးချစ်(LL.B)** — **ဒေါ်သက်ဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၀၁၆)**
**တိုက်(B-8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778849700,09-773562082**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၂၆၄)၊ မြေအကျယ်အဝန်းပေ(၄၀ x ၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးထိန်လင်းအောင်[၁၂/ဗတထ(နိုင်)၀၃၀၄၂၃] အမည်ပေါက်ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းဘက်ခြမ်း မြေအကျယ်အဝန်းပေ(၂၀ x ၆၀) မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိထားလျက် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းတင့်[၁၂/သဃက(နိုင်)၀၃၁၅၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတက်လူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၉၉၅)**
**အမှတ်(၁၀)၊ ပုဂံလမ်း၊ ၆၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၅၀၀၆၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ (၆)ထပ်တိုက်၏ အမှတ်(၂၀)(၅လွှာအေ) ခေါင်းရင်းခန်း (၁၂½'x၅၀')ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဦးကိုကိုသန်း[၁၂/စခန(နိုင်)၀၁၄၁၁၈]ဆိုသူမှ ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်ရောင်းချရာ ယခုအခါစရန်ငွေတစ်စိတ်တစ်ဒေသကို လက်ခံထားပြီးဖြစ်၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများ ဤကြော်ငြာပါ(၇)ရက်အတွင်း မူရင်းစာရွက်များနှင့်လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ (၇)ရက်ကျော်ပါက ငွေအပြီးပေးချေသည်ကို လက်ခံပြီး အရောင်းအဝယ် အပြီးအပိုင်ပြုလုပ်သွားပါမည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၅၄၁၇၀၆၁**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-စီ)၊ မြေကွက်အမှတ်-၅၈၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်-၄၉ ဟုခေါ်တွင်သော မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ (၁) ဦးဝင်းမင်းထိုက် [၉/မမန(နိုင်)၀၈၄၅၅၂]၊ (၂) ဒေါ်သန္တာဝင်း[၉/မမန(နိုင်)၀၈၄၅၅၃]နှင့် (၃) ဒေါ်သဥ္ဇာဝင်း [၉/မမန(နိုင်)၀၈၄၅၅၄]တို့ မောင်နှမ(၃)ဦးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြောင်းနှင့် ၎င်းတို့၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ အခြားအမွေဆိုင်များမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်အတွက် သတိပေးကြေညာချက်ကို ပထမအကြိမ်အဖြစ် (၁-၈-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် ဒုတိယအကြိမ်အဖြစ်(၂၃-၆-၂၀၂၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းကြေညာထားခဲ့ပါသည်။

ယင်းကြေညာချက်ကို ၎င်းတို့အားလုံး၏ တူညီသောသဘောဆန္ဒဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစတင်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သဲသိမ့်သိမ့်ထွေး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၂၃၀)**
**YE THAW & PARTNERS LAW FIRM LIMITED**
**အခန်း(၃၀၂)၊ တိုက်အမှတ်-A/2၊ ရတနာအိမ်ရာ၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-964555099, 09-253025069**
**yethaw1979@gmail.com, lawyerthaintthaint@gmail.com**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄၆/၄၈)၊ ပထမထပ်(ခြေရင်းခန်း)၊ အခန်း(စီ-၂)၊ အကျယ်အဝန်း (၁၅ပေx၅၅ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်းတွင် တပ်ဆင်ထားသော Air-Con (၂)လုံး၊ ပန်ကာ(၃)လုံး၊ လိုက်ကာများ၊ ရေပူရေအေးစက်၊ ရေမော်တာ၊ မီတာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်အကျိုးခံစားပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးကျော်စိုး[၁၂/ဒဂန(နိုင်)၀၃၂၂၁၆]နှင့် ဦးဇော်ဝင်းထွန်း [၁၂/ကတတ(နိုင်)၀၀၀၃၅၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၂)**
**အမှတ်(၇၁)၊ ၇-လွှာ(အေ)၊ ရေကျော်လမ်း၊ (၇)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၄၆၈၃၈၅၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်နေ မူဇူဟာဆန်း(ခ) ဦးကျော်သိန်း[၁၂/တမန(နိုင်)၀၈၆၃၈၈]၊ ဒေါ်မြသီတာစိုး[၁၂/တမန(နိုင်)၀၉၄၅၀၂]တို့၏သား မောင်မင်းခန့်ကိုကို[၁၂/တမန(နိုင်)၁၂၆၈၂၀]သည် မိဘဖြစ်သူတို့၏စကားကို နားမထောင်ဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အကြောင်းကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်-ဦးကျော်သိန်း၊ မိခင်-ဒေါ်မြသီတာစိုး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးကျော်ခင် (B.A.psycho)၊ ဥက္ကံမြို့

### တရုတ်ကုန်သည်ကြီးများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ
### ကျင့်ကန်းရှင်အောင်ကောင်းဘုရားကျောင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ
### ယန်လင်းဝူမျိုးနွယ်စု၏ ဒုဥက္ကဋ္ဌ
### အိတ်တိတ်လူငယ်အသင်း ဒုဥက္ကဋ္ဌ၊
### ခိန့်ဟုတ်ဘုရားကျောင်း၏ ဂေါပကအဖွဲ့ဝင်ဟောင်း၊
### ခိန့်ဟုတ်ကုသိုလ်ဖြစ်ဆေးခန်း၏ ဥက္ကဋ္ဌဟောင်း၊
### ရွှေမြေထွန်းကုမ္ပဏီနှင့် ကိုကျော်လင်း(သိမ်ကြီးဈေး)
### အသက်(၈၈)နှစ်

ဥက္ကံမြို့နေ (ဦးဘားရား-ဒေါ်နန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအင်ကက်စိန်-ဒေါ်ကျင်ရန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၃)လမ်း၊ တိုက်အမှတ် (၁၃၀)၊ လေးလွှာနေ ဒေါ်ခင်လေးရင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းလင်း-ဒေါက်တာသန်းသန်းဝင်း၊ ဒေါ်စန္ဒာ-ဦးကာဟုတ်၊ ဒေါ်နီလာ-ဦးစိန်မြင့်၊ ဦးကျော်လင်း-ဒေါက်တာစုမြတ်ဟန်၊ ဒေါက်တာဌေးဌေး၊ ဒေါ်နီနီလင်း-ဦးသန်းဇော်ထွန်း၊ ဒေါက်တာဝါဝါလင်း-ဒေါက်တာထက်ကိုကိုတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၂၃ (စနေနေ့) ညနေ ၄:၄၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၃ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၉၆၃)၊ ဧရိယာ(၀.၀၅၅)အကျယ်ရှိ ဦးချမ်းမင်းထူး+၁ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဦးကျော်ဇေယျာလင်း(၆/လလန(နိုင်)၀၄၈၇၃၈)၊ (၂) ဒေါ်ညိုသူဇာထွန်း(၉/မမန(နိုင်)၀၁၅၂၉၉) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခိုင်ခိုင်စန်း** (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
**ဒေါ်နှင်းနုလွင်** (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၀၀၀၊ ၀၉-၈၈၁၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၁၄၇၃)၊ အကျယ်အဝန်း (၄၀' × ၆၀') အကျယ်ရှိ ဦးချစ်သွင် (EC-၀၃၅၉၇၅) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းပါမစ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးငြိမ်းမောင်မောင်ထွန်း(၇/ညလပ(နိုင်)၁၀၉၁၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခိုင်ခိုင်စန်း** (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
**ဒေါ်နှင်းနုလွင်** (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၀၀၀၊ ၀၉-၈၈၁၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၆၇၉/ခ)၊ ယုဇန(၆)လမ်း၊ မြေအကျယ်အဝန်း(၂၀'-၆" x ၆၀')၊ ဧရိယာ(၀.၀၂၈)ဧက၊ (၁၂၃၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်မြင့်မြင့်မူ[၁၂/ဗဟန(နိုင်)၀၀၇၀၀၃]ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းငွေခင်[၁၂/ဥကတ(နိုင်)၀၆၃၉၆၈]ထံမှ ဦးမင်းမင်း [၉/မခန(နိုင်)၁၅၇၅၅၁]က အရပ်ကတိစာချုပ်ဖြင့်ထပ်ဆင့် ထပ်မံဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ဦးတင်ထွေး

**ဒုအရာခံဗိုလ်(ငြိမ်း)**

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၃)လမ်းနေ (ဦးစန်းမောင်-ဒေါ်စောညွန့်)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်ထွန်း)တို့၏ သားသမက်၊ (ကိုအောင်အောင်မင်း-မမိမိသော်)၊ ကိုအောင်အောင်သင်း(ဦးသောဘိတ)-(မမိုမိုကို)တို့၏ဖခင်၊ မောင်နိုင်ကိုဝင်း၊ မလင်းထက်လဝန်းတို့၏အဘိုး၊ ဒေါ်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁-၂၀၂၃ ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း

**အထက်တန်းပြဆရာ(ငြိမ်း)၊ ဘိုကလေး**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် (၆၃၀)နေ (ဦးမောင်စိန်-ဒေါ်သန်းမေ)တို့၏သား၊ (ဒေါ်ခင်စန်းမြင့်)၏ ခင်ပွန်း၊ (ကိုနေထွန်းဦး)-မမျိုးမျိုးမြတ်၊ Kris-မစန္ဒာထွန်း၊ ကိုသိန်းထွန်းဦး၊ ဒေါက်တာနွယ်နီမြင့်၊ Harry-ဒေါက်တာ မိုးပပအေးတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးတင်ထွန်းသည် ၂၁-၁-၂၀၂၃ (စနေနေ့) ဒေသစံတော်ချိန် နံနက် ၃:၃၀ နာရီတွင် အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း**

## အလ်ဟာဂျ် မိုဟာမဒ် ဆအီးဒ်(ခ)ဦးမြင့်ရွှေ (မအူပင်)

**ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၉၉)၊ (၁၂၃)လမ်း (အထက်)နေ (Hj ဒေါ်စန်းရီ) (ညောင်တုန်း)၏ခင်ပွန်း၊ ဦးမြင့်ဦး (KMG, 3M အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ချိုချို၊ ဒေါ်အေးအေးမြင့်-Hj ဦးလှအေး(MS ငါးဖမ်းပိုက်)၊ Hj ဒေါ်ငွေငွေမြင့်(အင်ဂျင်နီယာ-ငြိမ်း၊ မြို့တော်စည်ပင်)-Hj ဦးမောင်ကလေး (ဒုလက်ထောက်ညွှန်မှူး-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်း)၊ ဦးမြင့်လွင်(ခ)ကိုမောင်ကြီး (KMG, 3M အိမ်ဆောက်ပစ္စည်းနှင့် ကာလာကွိုင်ရောင်းဝယ်ရေး၊ စော်ဘွားကြီးကုန်း)-ဒေါ်တင်တင်အေး (စာရင်းကိုင်-၃၊ ဆ/မ-ငြိမ်း)၊ Hj ဒေါ်သီတာမြင့် (စာရင်းကိုင်-၃၊ ဆ/မ-ငြိမ်း)-[ဦးအောင်နိုင် (ဦးစီးအရာရှိ-ငြိမ်း၊ သန်လျင်ရေနံချက်စက်ရုံ)]၊ Hj ဦးသိန်းကြည် (ဦးစီးအရာရှိ-ငြိမ်း၊ ဆ/မ)၊ Hj ဒေါ်နီလာမြင့်-ဦးအောင်စိုး(ခ)ဦးဂျင်မီ(ဂျာမနီ)၊ Hj ဒေါ်စန္ဒာမြင့် (စာရင်းကိုင်-၃၊ ဆ/မ-ငြိမ်း)-Hj ဆရာ ဦးမျိုးတင့်သန်း (အင်္ဂလိပ်စာ/ပုသိမ်) (ဂျာမနီ)၊ ဒေါ်မျိုးမာမြင့်(ခ) ဂျိုး-(ဦးမြင့်လွင်)-Mr.John Ahmed Valen (ဂျာမနီ)တို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၄ ယောက်တို့၏ အဘိုးသည် ၂၀-၁-၂၀၂၃ (သောကြာနေ့) နံနက် ၂:၃၈ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့် တော်ခံယူသွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နွယ်နွယ်အောင်(ခ)ဒေါ်သိန်းတန်

**တပ်ကြပ်ကြီး/သားဖွား(ငြိမ်း)**

**တ.ဆ.ရ(၂) (ခုတင်-၅၀၀)**

**အသက်(၈၂)နှစ်**

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ အင်္ဂလိပ်စာဌာနမှ ကထိက/ဌာနမှူးဒေါ်တင်နှင်းအောင်၏ မိခင်ဖြစ်သူသည် ၂၀-၁-၂၀၂၃ ရက် နံနက် ၀၀:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**

**ဒုတိယပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**

**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နုရင်(ခ)မဖြူ

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၂၆)၊ ပထပ်နေ (ဦးကျော်ဒွန်း-ဒေါ်ဝိုင်းရှင်)တို့၏သမီး၊ (ဦးတိုက်လှ-ဒေါ်သိုက်)တို့၏ သမီးချွေးမ၊ (ဦးသောင်းထွန်း)၏ ချစ်လှစွာသောဇနီး၊ ဦးကြည်ဝင်း-ဒေါ်ချိုချိုထွန်း၊ (မသူဇာထွန်း)၊ မောင်အောင်ကိုထွန်းတို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်နုရင်(ခ)မဖြူသည် ၂၂-၁-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၄-၁-၂၀၂၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းမြင့်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ (၆)မိုင်ခွဲ၊ ဓမ္မာရုံ(၁)လမ်း၊ အမှတ်(၁၀၂/က)နေ ဦးအုန်းဖေ-ဒေါ်စောတို့၏သမီး၊ (ဒေါ်မြရီ)၊ (ဦးထွန်းကြည်-ဒေါ်မကြည်)၊ (ဦးသန်းစိန်-ဒေါ်လှကြည်)၊ (ဦးမောင်သင်-ဒေါ်ချိုချို)၊ (ဦးသန်းဝင်း-ဒေါ်မြတင်)၊ (ဦးမင်းဆွေ-ဒေါ်အေးကြည်)၊ (ဦးမျိုးမင်း-ဒေါ်ရှယ်လီ)တို့၏ ညီမ၊ ဦးသန်းထွဋ်ဇင်(ခ) Sonny Zin-ဒေါ် Mavis (စင်္ကာပူနိုင်ငံ)၊ ဒေါ်ချိုနှင်းဇင် (ကထိက-ငြိမ်း၊ ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ C/E ဦးမောင်မောင်ဇင် (M.V Eastern Opal Dragon Tun Limited)-ဒေါ်စိုးစိုးလတ် (ရင်ရင်ရွှေဆိုင်၊ ဘားအံမြို့)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မစိုးစင်လင်း၏အဘွား၊ ဗိုလ်မှူးမြဇင်(လေ-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်စန်းစန်းမြင့်သည် ၂၂-၁-၂၀၂၃ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်ကူးပြောင်းသွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၄-၁-၂၀၂၃ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်သောဘုံဌာနသို့ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသဖြင့် ၂၈-၁-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပေးပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အများသိစေရန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းတွင် ရုံးခန်း၊ ဆိုင်ခန်း ဖွင့်လှစ်ထားသော **Smart Building Hardware Trading Company Limited (Company Registration No.110508387)**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**Dextone®**

**စာချုပ်အမှတ်- ၄/၇၄/၂၀၂၃**

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်တင်သွင်း မြွက်ဟကြေညာ ထားပြီးဖြစ်ပါသည်။

အဆိုပါ တံဆိပ်အမှတ်အသားဖြင့် ဆီလီကွန်ကော်အမျိုးမျိုးအရောင်အဖြူ အကြည်၊ အနက်အမျိုးမျိုး၊ ကားဂတ်စ်ကပ်ကော် (RTV) ကော်အမျိုးမျိုးအရောင်အနီ၊ အနက်၊ ခဲရောင်အမျိုးမျိုး၊ (AB)နှစ်မျိုးစပ်ကော်(EPOXY STEEL) အမျိုးမျိုး၊ ဘက်စုံသုံးကော်(Instant glue)၊ ဖိနပ်ကပ်၊ ပါကေးကပ်/ပရိဘောဂပစ္စည်းအမျိုးမျိုးတို့တွင် ကပ်သည့် ကော်အမျိုးမျိုး၊ ရုံးသုံးစာရေးကိရိယာသုံးကော်အမျိုးမျိုး (PVC)ပိုက်ဆက်ကော်အမျိုးမျိုး၊ ရောင်စုံအလှကပ်ကော်အမျိုးမျိုး၊ အမြုတ်ကော်(POLYURETHANE ADHESIVE)တို့နှင့် စပ်လျဉ်းပြီး ပြည်ပမှ မှာယူတင်သွင်း၍လည်းကောင်း ထုတ်လုပ်၍လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပအသုံးပြုပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှု အရပ်ရပ်တို့အတွက် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တရားမဥပဒေအရလည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် တားမြစ်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက်၊ မြဇေယျာလမ်း၊ အမှတ်(၁၀)၊ RC- ၃ ခန်းတွဲ (၆)ထပ်တိုက်မှ အကျယ်အဝန်း(၁၄x၆၀)ပေရှိ ဒုတိယထပ် (၃)လွှာ(အလယ်ခန်း)ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော **ဦးဖြိုးကျော်သူ [၁၂/အစန(နိုင်)၁၇၈၀၄၂]**နှင့် ဒေါ်စန္ဒာလွင် **[၁၂/သကတ(နိုင်)၁၃၃၂၂၇]**တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766, HP: 09-5017044**

## ဦးသန်းထွဋ်(ခ)ဖိုးလူလေး

**(တောင်ငူ)**

**အသက်(၇၄)နှစ်**

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးကျော်စိန်-ဒေါ်သန်းရီ)တို့၏သားကြီး၊ (ဦးထွန်းရွှေ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၅၃)၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း (သန်းသန်းအထည်ဆိုင်၊ သိမ်ကြီးဈေး B-ရုံ)၏ခင်ပွန်း၊ ဦးနေလင်းထိုက်-ဒေါ်မြတ်မွန်မွန်၊ ဦးသူရလင်းတို့၏ဖခင်၊ မလင်းလက်ကြည်ဖြူ၊ မယုယမွန်၊ မောင်သားလင်းထိုက်တို့၏အဘိုး၊ (ဦးငွေသန်း)-ဒေါ်သန်းသန်းလှ(USA)တို့၏မောင်၊ (ဒေါ်ခင်မာလာ)၊ (ဦးစိုးဝင်း)-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာဒေါ်ကြည်ကြည်စိန်၊ (ဦးသိန်းဆွေ)-ဒေါ်သန်းသန်းနွဲ့၊ ဦးအောင်တင့်-ဒေါ်ကြွယ်ကြွယ်စိန်တို့၏ အစ်ကိုကြီးသည် ၂၂-၁-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၃ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မအူပင်ခရိုင်တရားမရုံးတော်**

**၂၀၁၆ - ခုနှစ် တရားမကြီးမှုအမှတ် -၂၇ နှင့်ဆက်သွယ်သည့် ၂၀၂၂ - ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၀**

ဦးခင်မောင်ဝင်း } နှင့် { ၁။ ဦးကျော်လွင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးရဲထွဋ်
ဦးဇော်သိန်းအောင်)
ဒီကရီအနိုင်ရသူ တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ တိုက်(E) FMI Condoအမှတ်(E-14)နေ ဦးရဲထွဋ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆-ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်ကအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ ၊အကြောင်းပြချေနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်၊ (၁၃၈၄ ခုနှစ် တပို့တွဲလဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မွန်သူဇာခင်)**
**ဒုတိယခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

## ဦးဝင်းနိုင်

**အသက်(၆၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နေ (ဦးသိန်းမောင်-ဒေါ်ကြည်)တို့၏သား၊ ဦးမြင့်အောင်-ဒေါ်ကျင်ရှိန်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ်(၁၃)လမ်း၊ အမှတ်(၁၀၆၈/က)နေ ကိုဝေဖြိုးအောင်-မတင့်နိုင်ဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဆုရတနာအောင်၊ မောင်သုတအောင်တို့၏ အဘိုး၊ ဒေါ်ရင်ရင်ဥ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁-၂၀၂၃ (စနေနေ့) ည ၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား သိစေရန် အကြောင်းကြားပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၃ (သောကြာနေ့) တွင် အထက်ပါ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၊ လူမျိုးစု ၁၃၀ ကျော် ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းဟာ တူညီတဲ့အခွင့်အရေးများ ရဖို့လိုပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံ ဥပဒေမှာလည်း တိုင်းရင်းသားများ အရေးနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခွင့်အရေးတွေ၊ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✪

## အာရှဖလား ယူ-၂၀ အမျိုးသမီး ခြေစစ်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာ ယူ-၂၀ အမျိုးသမီးလက်ရွေးစင်အသင်းသည် ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**လေ့ကျင့်ပြင်ဆင်**

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် ဒီဇင်ဘာနောက်ဆုံးပတ်ကတည်းက စတင်လေ့ကျင့်နေခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၈ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း လက်ရှိတွင် ကစားသမားများလျှော့ချကာ စုစုပေါင်း ၃၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❍



## မန်ယူအသင်းကို အနိုင်ရပြီး အာဆင်နယ်အသင်းအမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်

ဇန်နဝါရီ ၂၂ ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ် ၂၀ ရဲ့ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက မန်ယူအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၄ မိနစ်နဲ့ မိနစ် ၉၀ တို့မှာ အင်န်ကီတီယာက နှစ်ဂိုး၊ ၅၃ မိနစ်မှာ ဆာကာက တစ်ဂိုးသွင်းယူပေးခဲ့ပြီး မန်ယူအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကိုတော့ ၁၇ မိနစ်မှာ ရက်ရှ်ဖို့ဒ်နဲ့ ၅၉ မိနစ်မှာ မာတီနက်ဇ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖




**ယနေ့ ဖတ်စရာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်
စာမျက်နှာ » ၁၃

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်
စာမျက်နှာ » ၂၀